မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၂၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၁ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဆက်လက်ထိန်းသိမ်းမြှင့်တင်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ကျင်းပလျက်ရှိရာ ယနေ့ဆိုလျှင် ပဥ္စမမြောက်နေ့ တိုင်ခဲ့ပြီဖြစ်သည်။

ယခုကဲ့သို့ ပြိုင်ပွဲကြီးများ ကျင်းပခြင်းဖြင့် မြန်မာ့အနုသုခုမပညာရပ်များ ဆောင်ကြဉ်းလာသည့် ယဉ်ကျေးသိမ်မွေ့မှု၊ ဖြူစင်ဖြောင့်မတ်ရိုးသားမှု၊ ရိုးရာဓလေ့စရိုက်အစဉ်အလာ လိုက်နာကျင့်ကြံထိန်းသိမ်းမှု၊ အမျိုးအနွယ်ကို စောင့်ရှောက်မှုစသည့် လေးစားမြတ်နိုးဖွယ်ရာ မြန်မာ့ဂုဏ်ရည်များကို ပိုမိုနိုင်မာလာစေခဲ့သည်။

အဆိုပြိုင်ပွဲတွင် မဟာဂီတ၊ ခေတ်ဟောင်း၊ ကာလပေါ်၊ ခေတ်အကြိုက်တေးများပါဝင်ပြီး အတီးပြိုင်ပွဲ၌ စန္ဒရား၊ ဂီတာ၊ နှဲ၊ ဒိုးပတ်၊ စောင်း၊ ဆိုင်းအဖွဲ့လိုက်များပါဝင်ကာ ရုပ်စုံသဘင်၊ ပြဇာတ်၊ ဇာတ်သဘင်၊ စာသားအရေးပြိုင်ပွဲများ စသည်ဖြင့် ကဏ္ဍစုံသောပြိုင်ပွဲကြီးပင်ဖြစ်သည်။

မြန်မာတို့သည် ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားသည့် ဗီဇကောင်းရှိသူများဖြစ်ကြပြီး ရိုးရာဓလေ့အစဉ်အလာနှင့် ကျင့်ကြံနေထိုင်သော အမူအကျင့်၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု လွှမ်းခြုံလျက်ရှိသည်။

မြန်မာ့ဇာတ်သဘင်များ တင်ဆက်ပြသမှုသည် လောကီရေးရာဘဝ သင်ခန်းစာများမှတစ်ဆင့် မြတ်ဗုဒ္ဓ၏ဓမ္မဒေသနာ အဆုံးအမများကို ထိတွေ့သိမြင်ပြီး နားလည်ခံစားရခြင်းဆိုသည့် လောကုတ္တရာ အကျိုးစီးပွားကို ပေးစွမ်းနိုင်ပေသည်။

မြန်မာ့ယဉ်ကျေးမှု အနုပညာသမိုင်းတွင် စာပေအသွင်သဏ္ဌာန်ဖြင့် စတင်ပေါ်ပေါက်လာခဲ့သော စင်တင်အနုပညာရပ်အဖြစ် ဖြစ်ထွန်းလာသည့် "ပြဇာတ်"ကိုလည်း ပြန်လည်ဖော်ထုတ်နိုင်ခြင်းဖြင့် စင်တင်အနုပညာရပ်ကို မြှင့်တင်ထိန်းသိမ်းထားရာ ရောက်ပေသည်။

သို့ဖြစ်ပေရာ နိုင်ငံနှင့်လူမျိုးအတွက် နက်ရှိုင်းသည့် အမျိုးသားရေးအဓိပ္ပာယ်မြင့်မားသည့် မျှော်မှန်းချက်နှင့် ပေါင်းစည်းပါဝင်နေသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်ဖြစ်ထွန်းရန်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နတ်တလင်းမြို့ ဗဟိုအမက ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၀

နတ်တလင်းမြို့ ဗဟိုအမက၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက် (နိုဝင်ဘာ ၇ရက်)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ၁၉၅၈ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာ ဆရာမကြီးများ၊ တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမများ၊ ကျောင်းသားဟောင်းများ၊ ပညာသင်ယူနေဆဲ ကျောင်းသားများ တက်ရောက်ကြရန်နှင့် ကျောင်းအုပ် ဦးသန်းထွန်း ဖုန်း-၀၅၃-၃၆၃၈၇၊ ဦးမျိုးအောင်(ခ)ဦးအိစံ ဖုန်း-၀၅၃-၃၆၁၁၅၊ ၃၆၃၃၅၊ ဦးစိုးညွန့်အောင် ဖုန်း-၀၅၃-၃၆၂၈၄၊ ဦးသိန်းထိုက်အောင် ဖုန်း-၀၅၃-၃၆၂၂၆၊ ဦးရဲထွဋ်ဦး ဖုန်း-၀၅၃-၃၆၀၄၂နှင့် ဦးကျော်သက်ဦး ဖုန်း-၀၅၃-၃၆၄၁၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ပညာရေး)

မူလတန်း၊ အလယ်တန်းအဆင့်ကစပြီး အပြည့်အဝလေ့ကျင့်သင်ကြားပေး ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအရည်အသွေး သိသာထင်ရှားစွာ မြင့်မားတိုးတက်လာမည်

နေပြည်တော် အောက်တိုဘာ ၂၀

မြို့နယ်ပညာရေးမှူးများ ကျောင်းအုပ်ချုပ်မှုသင်တန်းဆင်းပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ဝန်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် မူလတန်းအဆင့်တွင် အခြေခံခိုင်မာမှ အလယ်တန်းအဆင့် သင်ယူရန် အဆင်သင့်ဖြစ်နိုင်ကြောင်း၊ အလယ်တန်းအဆင့်တွင် အခြေခံကောင်းမှ အထက်တန်းအဆင့် သင်ယူရန် အသင့်ဖြစ်နိုင်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထက်တန်းအဆင့်ရောက်မှ အဆမတန် တွန်းထိုးလေ့ကျင့်သင်ကြားပေးမှုမျိုး မဖြစ်စေဘဲ မူလတန်း၊ အလယ်တန်းအဆင့်ကစပြီး အပြည့်အဝ လေ့ကျင့်သင်ကြားပေးနိုင်မှသာ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး သိသာထင်ရှားစွာ မြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း။

အလေးထားကြပ်မတ်

ထို့ကြောင့် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ပြည်နယ်၊တိုင်း ကျောင်းစစ်ဆေးရေးအဖွဲ့များ၊ ပြည်နယ်၊တိုင်း ပညာရေးမှူးများက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား အလေးထားကြပ်မတ်ဆောင်ရွက်သွားနိုင်ရေးအတွက် ယခုသင်တန်းမှ ရရှိသည့် အတွေ့အကြုံများကို အခြေခံပြီး ကြပ်မတ် ဆောင်ရွက်သွားရန်နှင့် လက်ထောက်မြို့နယ် ပညာရေးမှူးများကိုလည်း စနစ်တကျ ကြပ်မတ်စစ်ဆေးနိုင်အောင် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးသွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး သင်တန်းဆင်းပွဲကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ မြို့နယ်ပညာရေးမှူးများ ကျောင်းအုပ်ချုပ်မှုသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၆၉ဦး တက်ရောက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ လားရှိုးမြို့၌ကျင်းပ ပညာရည်ထူးချွန်သူများ ဆုပေးအပ်ချီးမြှင့်

လားရှိုး အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၆၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို မြို့တော်ခန်းမ၌ အောက်တိုဘာ ၁ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စန်းလွင်က ရဲတပ်ဖွဲ့ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မှုခင်းဖော်ထုတ်ရေးတွင်လည်းကောင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရေးတွင် လည်းကောင်း စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုငွေများချီးမြှင့်ကြသည်။

ဆုငွေများပေးအပ်

ဆက်လက်၍ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များတွင် ပညာရည်ထူးချွန်ကြသော ကျောင်းသား ကျောင်းသူများနှင့် ပရိတ်ကြီး (၁၁)သုတ် ရွတ်ဆိုပြိုင်ပွဲ ဆုရရှိသူများအား တိုင်းမှူး၏ဇနီး ဒေါ်ချယ်ရီနှင့် တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ရာ ဆုချီးမြှင့်ငွေများအနက်မှ ငွေကျပ် ၁၁သိန်းကို တိုင်းမှူးက ထပ်တိုးချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၀၂၆)

ပေါင်မြို့နယ်အသင်း(ရန်ကုန်) မျက်နှာစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

ပေါင်မြို့နယ်အသင်း(ရန်ကုန်) မျက်နှာစုံညီအစည်းအဝေးကို လာမည့် အောက်တိုဘာ ၂၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း (တောင်ဘက်မုခ်)ရှိ မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများအား ဖိတ်ကြားထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြဝတီ ရုပ်မြင်သံကြား

၂၁-၁၀-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း** (အပိုင်း-၄)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၆)

* ရှေ့ဖုံးမှ

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သာအေးနှင့် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zongying နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖွင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း ပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းစီမံချက်(RH / BCC) ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (မိခင်/ကလေး)

နေပြည်တော် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းစီမံချက်(RH/ BCC) ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ စီမံချက်ဝင် မြို့နယ်အသီးသီးမှ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အဖွင့်အမှာစကားပြောကြားကာ စီမံချက်ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို စီမံချက်ဝင် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံ ပေးအပ်သည်။

ဖွင့်လှစ်မည်

အဆိုပါသင်တန်းသို့ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းမှ သင်တန်းသား သင်တန်းသူ ၃၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရောဝတီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၀

အောက်တိုဘာ ၁၉ ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို ဖော်ပြရလျှင် ကော့စတာရီကာနိုင်ငံ၌ လွန်ခဲ့သောလေးရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးမှုနှင့်မြေပြိုမှုများဖြစ်ပွားခြင်း၊ ဆည်များ၊ ရေကာတာများ ကျိုးပေါက်ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်း၊ ပစိဖိတ်သမုဒ္ဒရာအောက်၌ ရစ်ချ်တာစကေး ၇ ဒသမ ၁ ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။

အောက်တိုဘာ ၂၀ ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျားမိုးရွာခဲ့ပြီး ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့သည်။

အောက်တိုဘာ ၂၀ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

နေပြည်တော်	၀	ဒသမ	၆၇ လက်မ
လှိုင်လင်	၂	ဒသမ	၅၆ လက်မ
မိုးကုတ်	၁	ဒသမ	၀၆ လက်မ
ရေး	၀	ဒသမ	၈၆ လက်မ

အောက်တိုဘာ ၂၁ ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသ အခြေအနေကို ခန့်မှန်းရပါက ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

အောက်တိုဘာ ၂၁ ရက် **(ယနေ့)** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာ ကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရှိပြီး ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ပေသည်။ ။

ကိုးကားချက်-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အာဆီယံဥပဒေရေးရာ ဝန်ကြီးများ အစည်းအဝေး တက်ရောက်ရန် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ဘရူနိုင်းသို့ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၂၀

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် အောက်တိုဘာ ၁၉ ရက်မှ ၂၁ရက် အထိ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံဥပဒေရေးရာ ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက်ပေါ်က မူပိုင်ခွင့် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူပညာရှင်အသင်းက ကြီးမှူး၍ အောက်တိုဘာ ၂၅ရက် (စနေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောက်အအုံပင်မဆောင်ရှိ အခန်း(၂၀၅)၌ ဗဟိုတရားရုံးချုပ်ရှေ့နေ ဦးမောင်မောင်ဝင်းက **"အင်တာနက်ပေါ်က မူပိုင်ခွင့်"** ခေါင်းစဉ်ဖြင့် ဒီဂျစ်တယ်ပြောင်းလဲခြင်းနှင့် အမျိုးမျိုးသောလက်ရာများ ပေါင်းစပ်ခြင်းကြောင့် မူပိုင်ခွင့်အပေါ် စိန်ခေါ်မှု၊ အင်တာနက် ပေါ်၌ လက်ရာများ အသုံးပြုမှုများ၏ မူပိုင်ခွင့်အပေါ် စိန်ခေါ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှုကာကွယ်ရေး၌ နည်းပညာပစ္စည်းကိရိယာများ၏ အခန်းကဏ္ဍများ စသည်တို့ကို ဟောပြောမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ယင်းဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ IT နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ နှင့် စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျူးကျော်သိမ်းပိုက်သူများ အီရတ်မှထွက်သွားကြ
အမေရိကန်နှင့်အပေါင်းပါများ အီရတ်တို့မလိုလား
ဆာဒါထောက်ခံသူများ ဘဂ္ဂဒက်မြို့လယ်၌ ဆန့်ကျင်ဆန္ဒပြ

ဘဂ္ဂဒက် အောက်တိုဘာ ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ရှီးယိုက်ခေါင်းဆောင် မော့တာဒါဆာဒါအား ထောက်ခံကြသည့်ပြည်သူများ အောက်တိုဘာ ၂၀ရက်က အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖြန့်ကြက်ထားရေး အစီအစဉ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။**(အပေါ်ပုံ)**

ဆန္ဒပြ

လူပေါင်း ၅၀၀၀၀ ခန့်တို့သည် ကျူးကျော်သိမ်းပိုက်သူများ မလိုလား၊ ကျူးကျော်သိမ်းပိုက်သူများ ထွက်သွားကြဟူသော ကြွေးကြော်သံဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ အီရတ်နိုင်ငံတော်အလံများ ကိုင်ဆောင်ဝှေ့ယမ်း၍လည်းကောင်း တစ်ခဲနက် ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ထောက်ခံ

အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြသူများသည် ဆာဒါစီးတီးအရှေ့ပိုင်း ဆင်ခြေဖုံးအရပ်မှ ဘဂ္ဂဒက်မြို့လယ်သို့ ချီတက်လာကြသည်။ အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်၌ ဆက်ရှိနေခြင်းကြောင့် ဆာဒါအားထောက်ခံသူ ပိုမိုများပြားလာခဲ့သည်။

ဖြစ်ပွား

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ရှိနေခြင်းကြောင့် နေ့စဉ်ဖုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး အသေခံဖုံးခွဲ တိုက်ခိုက်မှုများကြောင့် နေ့စဉ်အပြစ်မဲ့ ပြည်သူများ သေကျေဒဏ်ရာရမှုများ ဖြစ်ပေါ်လျက်ရှိသည်။ **(အင်တာနက်)**

ကန်ဒါဟာ၌ တိုက်ခိုက်မှုအရှိန်မြင့် အာဖဂန်တောင်ပိုင်း၌ ၂၇ဦး သေဆုံး

ကန်ဒါဟာ အောက်တိုဘာ ၂၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ ဘတ်စ်ကားစီးခရီးသည် အနည်းဆုံး ၂၇ဦးမှာ တာလီဘန်အကြမ်းဖက် တိုက်ခိုက်ရေးသမားများ သတ်ဖြတ်ခံရမှုကြောင့် သေဆုံးသွားသည်။

ယင်းတိုက်ခိုက်မှုသည် အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားသုံးစီးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန် ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အာဖဂန်အစိုးရ တာဝန်ရှိသူများ၏ အဆိုအရ အစိုးရတပ်ဖွဲ့ဝင်များ ပါဝင်သကဲ့သို့ အရပ်သားများလည်း ပါဝင်ကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

ကန်ဒါဟာပြည်နယ်သည် မကြာသေးသည့်လများက တိုက်ခိုက်မှုများ အရှိန်မြင့်တက်လာသည့် ပြည်နယ်ဖြစ်သည်။ **(အင်တာနက်)**

ဘဂ္ဂဒက်အနီး သေနတ်သမားများ တိုက်ခိုက် အီရတ်ငါးဦး သေဆုံး ကိုယ်ဝန်ဆောင်တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၀

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် အမေရိကန် ဘာလက်တပ်စခန်းအနီး နေအိမ်တစ်လုံးကို အောက်တိုဘာ ၁၈ရက်တွင် အမည်မသိ သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်သည့်အတွက် အီရတ်လူမျိုးငါးဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ကြေညာ

မျက်နှာဖုံးစွပ်ထားသည့် သေနတ်သမားများ တိုက်ခိုက်သည့် နေအိမ်မှာ ဒေသခံ ဆွန်နီလုံ့ခြုံရေးကောင်စီ ခေါင်းဆောင်ပိုင်သည့် နေအိမ်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ပစ်မှတ်ထား

ဆွန်နီ လုံ့ခြုံရေးကောင်စီဝင်များမှာ အစွန်းရောက်သမားများ၏ ပစ်မှတ်ထား တိုက်ခိုက်ခြင်းကိုခံနေရသူများ ဖြစ်သည်။

ဖော်ပြ

အဆိုပါ တိုက်ခိုက်မှုတွင် ကိုယ်ဝန်ဆောင်တစ်ဦးမှာ အသက်မသေဘဲ ဒဏ်ရာရရှိသာရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်တွင် အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ တစ်ဦးအား ဆေးရုံသို့တင်ပို့ရန် လူနာတင်ယာဉ်ပေါ်သို့တင်နေသည်ကို အောက်တိုဘာ ၁၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် အနောက်မြောက်ပိုင်း ဒေသများတွင် နိုင်ငံခြားစစ်သွေးကြွ ၁၆၈ဦး ဖမ်းမိ

အစ္စလမ္မာဘတ် အောက်တိုဘာ ၂၀

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း လူမျိုးစုများနေထိုင်ရာဒေသမှ နိုင်ငံခြားသား စစ်သွေးကြွ ၁၆၈ဦးကို ပါကစ္စတန်လုံခြုံရေးတပ်များက နှစ်ရက်အတွင်း ဖမ်းဆီးလိုက်ကြောင်း စစ်ဘက်သတင်းရပ်ကွက်က အောက်တိုဘာ၁၈ရက်တွင် ပြောကြားသည်။

ကြေညာ

နိုင်ငံခြားသား စစ်သွေးကြွများကို အနောက်မြောက် ရှေ့တန်းပြည်နယ် ဒါရာ အဒမ်ခဲမှအချို့နှင့် ကျန်စစ်သွေးကြွများကို အခြားသော လူမျိုးစုဒေသများမှ ဖမ်းဆီးမိခြင်းဖြစ်သည်ဟုလည်း ပါကစ္စတန် စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

တိုးမြှင့်ဆင်နွှဲ

ပါကစ္စတန်စစ်တပ်က အဆိုပါ လူမျိုးစုဒေသများအတွင်း စစ်သွေးကြွများ နှိမ်နင်းရေး စစ်ဆင်မှုများကို ယခုတလော တိုးမြှင့်ဆင်နွှဲလျက်ရှိသည်ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား နိုင်ငံရေးခိုလှုံခွင့်တောင်းသူ ပိုများလာ အီရတ်ဒုက္ခသည် အများဆုံးဖြစ်နေ

နယူးယောက် အောက်တိုဘာ ၂၀

ကမ္ဘာတစ်လွှား နိုင်ငံရေးခိုလှုံခွင့်တောင်းသူဦးရေမှာ ပိုမိုများပြားလာကြောင်း၊ ၎င်းတို့အနက် အီရတ်လူမျိုးများမှာ အများဆုံးဖြစ်ပြီး အဆိုပါခိုလှုံမှုများအား လက်ခံသည့်နိုင်ငံများတွင် အမေရိကန်က ထိပ်ဆုံးမှဖြစ်ကြောင်း ကုလသမဂ္ဂ၏ နောက်ဆုံး အစီရင်ခံစာ၌ ဖော်ပြသည်။

ယခုနှစ် ပထမခြောက်လအတွင်းတွင် နိုင်ငံရေးခိုလှုံခွင့် တောင်းသည့် နိုင်ငံသားများအနက် ရုရှားနိုင်ငံသားများနှင့် တရုတ်နိုင်ငံသားများက ဒုတိယနှင့် တတိယအများဆုံးဖြစ်သည်။

ယင်းကဲ့သို့ အကူအညီတောင်းမှုများမှာ ရုရှား ၉၄၀၀နှင့် တရုတ် ၈၇၀၀တို့ ဖြစ်သည်။ သို့သော် ခိုလှုံခွင့်တောင်းသူ အီရတ်နိုင်ငံသားဦးရေမှာ ထိုနှစ်ခုပေါင်းထက် ပိုများသည်ဆိုသည်။

ပါဝင်

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အစီရင်ခံစာအရ ယခုနှစ် ပထမခြောက်လအတွင်း စက်မှု ၄၄နိုင်ငံတွင် ခိုလှုံခွင့်တောင်းသည့် လျှောက်လွှာပေါင်း ၁၆၅၀၀၀ရှိသည်။ လျှောက်ထားသူများတွင် အီရတ်ဒုက္ခသည်များက ၁၂ ရာခိုင်နှုန်း ပါဝင်သည်။ **အမ်အင်န်အေ၊ပီတီအိုင်**

လက်ဖြန့်လို့မဖြစ်ဘူး....

ဘဝအမောပြေ

ပထမဆုံးကလေးအား မွေးဖွားရက်နီးကပ်လာသဖြင့် ဂျော်နီအမည်ရှိ ဖခင်တစ်ဦး ဗေဒင်ဆရာထံ သွားမေးလေသည်။

ဂျော်နီ ။ ။ မွေးလာမယ့်ကလေးရဲ့ ဇာတာကို သိချင်လို့ပါ။

ဗေဒင်ဆရာ ။ ။ ယောက်ျားလေးမွေးမယ်၊ လက်သီးဆုပ်ပြီး မွေးလာရင် သူခိုးဖြစ်မယ်၊ လက်ဖြန့်ပြီးမွေးလာရင် ပညာရှိဖြစ်မယ်။

ဂျော်နီ ။ ။ ''ဟုတ်ကဲ့'' ဟုပြောပြီး ပြန်လာခဲ့သည်။

ရက်အနည်းငယ်အတွင်း ဇနီးဖြစ်သူက သားဦးမွေးသဖြင့် သူနာပြုဆရာမက ကလေးငယ်ကိုပွေ့ချီပြီး အပြင်ဘက် ထုတ်လာရာ-

သူနာပြု ။ ။ ကဲ…အဖေဖြစ်သူ ကလေးကြည့်လို့ရပြီ။

အလျင်အမြန် ကလေးငယ်ကိုကြည့်လိုက်ရာ လက်သီးဆုပ်လျက် အနေအထား တွေ့ရသဖြင့်-

ဂျော်နီ ။ ။ ''သား-လက်ဖြန့်လိုက်''

သားငယ် ။ ။ လက်ဖြန့်လို့မဖြစ်ဘူး၊ သားလက်ထဲမှာ ဆရာမလက်စွပ် ရှိတယ်။

ဂျော်နီ ။ ။ ''ဟိုက်''

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အောက်တိုဘာ ၁၉ရက်က ကားဖုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်အရှေ့တောင်ပိုင်း၌ ဖုံးပေါက်ကွဲ

ဘဂ္ဂဒက် အောက်တိုဘာ ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၁၉ရက်က ဖုံးတစ်လုံးပေါက်ကွဲခဲ့ရာ အရပ်သားနှစ်ဦး သေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါဖုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်း အယ်လ်ဇာဖာရာနီယာအရပ်ရှိ ဓာတ်ငွေ့အရောင်းဆိုင် တစ်ဆိုင်အနီးတွင် ထိုနေ့နံနက်ပိုင်းက ဖြစ်ပွားခြင်းဖြစ်သည်။

(အင်တာနက်)

21-10 (04).pmd 1 10/21/2008, 2:25 AM

ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော မြစိမ်းရောင် မဟာတံတိုင်း သစ်တောပြုစုပျိုးထောင်ရေးစီမံကိန်း

သတင်းအက်ဆေး   အောင်သုတရေးသည်   စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး (မြန်မာ့အလင်း)

*ကမ္ဘာပေါ်တွင် အကြီးဆုံးသော သစ်တောပြုစုပျိုးထောင်ရေးစီမံကိန်း (Afforestation Project) မှာ တရုတ်နိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသော **"မြစိမ်းရောင် မဟာတံတိုင်း"**(Green Great Wall) ဟု အမည်ပေးထားသော စီမံကိန်းဖြစ်သည်။*

တားဆီးနိုင်ရန်ရည်ရွယ်

မြစိမ်းရောင် မဟာတံတိုင်းစီမံကိန်းအရ ၂၇၈၃မိုင် (ကီလိုမီတာ ၄၄၈၀) ရှည်လျားမည့် တောတန်းကြီး (Forest Belt) ကို တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ထူထောင်လျက်ရှိသည်။ ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရသည့် ရည်ရွယ်ချက်မှာ သဲကန္တာရဖြစ်ထွန်းကျယ်ပြန့်မှု (Desertification) ကို ကာကွယ်ရန်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အဆမတန်တိုးချဲ့မှု (Over-Farming) ကို တားဆီးနိုင်ရန်ဖြစ်သည်။

မြစိမ်းရောင် မဟာတံတိုင်းစီမံကိန်းကို ၁၉၇၈ခုနှစ်တွင် စတင်ခဲ့ရာ ယခုအခါ နှစ်ပေါင်း၃၀ ရှိခဲ့ပေပြီ။ သစ်တောပြုစုပျိုးထောင်ရေးစီမံကိန်းကို ၂၀၅၀ပြည့်နှစ်အထိ ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ပြီး စီမံကိန်း ပြီးစီးချိန်၌ မြေနေရာဧက ၈၇ဒသမ၉သန်း(ဟက်တာ ၃၅ဒသမ၆သန်း)မှာ သစ်တောဖုံးလွှမ်းလျက်ရှိသည့် နယ်မြေအဖြစ်သို့ ပေါ်ထွန်းလာမည်ဖြစ်သည်။

အကာအကွယ်ပေးနိုင်

တရုတ်နိုင်ငံတော် သစ်တောရေးရာအုပ်ချုပ်ရေးအဖွဲ့ (State Forestry Administration) က ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော သစ်တောပြုစု ပျိုးထောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် သဲမုန်တိုင်းများ (Sand Storms) ဘေးအန္တရာယ်မှ အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။

သစ်ပင်များသည် လေကာတန်း (Forest Shelter) အဖြစ် ရပ်တည်ပေးနိုင်ပြီး ဂိုဘီသဲကန္တာရ (Gobi Desert) ဘက်မှ သဲမုန်တိုင်းများ တိုက်ခတ်ခြင်းမှ မြို့ကြီးများအား ကာကွယ်ရာတွင် သစ်တောပြုစုပျိုးထောင်ရေးစီမံကိန်းက စွမ်းဆောင်နိုင်မည် ဖြစ်သည်။ တရုတ်နိုင်ငံနှင့် မြက်ခင်းမြေ (Grass Land) မှ ကန္တာရမြေ သို့မဟုတ် လွင်တီးခေါင်အဖြစ်သို့ ပြောင်းလဲကာ ဂိုဘီသဲကန္တာရမှာ တစ်စတစ်စ ပိုမိုကျယ်ပြန့်လာနေသည်။

ပေကျင်း အမျိုးသား သစ်တော ဥယျာဉ်

စိမ်းလန်းစိုပြည်လျက် ရှိသော တရုတ်နိုင်ငံ မြို့တော် ပေကျင်းရှိဘေဂွန်းအမျိုးသား သစ်တော ဥယျာဉ်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဖုံးလွှမ်းနေ

ဂိုဘီသဲကန္တာရသည် ကမ္ဘာပေါ်ရှိ အကြီးဆုံးသောသဲကန္တာရများတွင် ပါဝင်ပြီး ဧရိယာစတုရန်းမိုင် ၆၀၀၀၀၀ ရှိသည်။ မန်ချူးရီးယား (Manchuria) ဒေသရှိ ဂရိတ်ခင်ဂန်တောင်တန်းများ (Great Khingan Montains) မှသည် တရုတ်နိုင်ငံ စင်ကိုင်ယန်း (Sinkiang) ဒေသအထိ မိုင်ပေါင်း ၁၅၀၀ခန့်မျှ ယင်းသဲကန္တာရ သွယ်တန်း တည်ရှိနေသည်။ ဂိုဘီသဲကန္တာရ၏ နယ်မြေအများစုမှာ မွန်ဂိုလီးယား(Mongolia) နိုင်ငံအတွင်းတွင်ရှိသည်။

အာရှတိုက်တွင် အကြီးဆုံးသဲကန္တာရဖြစ်သော ဂိုဘီသဲကန္တာရ၏ နယ်မြေအများအပြားမှာ သဲထုထပ်ခြင်းမရှိဘဲ ကျောက်တုံးကျောက်ဆောင်များ ဖုံးလွှမ်းလျက်ရှိသည်။

အပြောင်းအလဲမြန်

ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၅၃ပေအမြင့်တွင် ဂိုဘီသဲကန္တာရတည်ရှိသည်။ ဂိုဘီသဲကန္တာရဒေသ၏ မိုးရေချိန်မှာ တစ်နှစ်လျှင် ငါးလက်မမှ ရှစ်လက်မအထိရှိသည်။ ဇူလိုင်လအပူချိန်မှာ ၁၅၀ဒီဂရီဖာရင်ဟိုက်၊ ဒီဇင်ဘာလအပူချိန်မှာ ၆၀ဒီဂရီဖာရင်ဟိုက်ဖြစ်ပြီး အပူချိန် ရုတ်ချည်းအပြောင်းအလဲမြန်သည်။

သဲကန္တာရ ဖြစ်ထွန်းကျယ်ပြန့်လာခြင်းကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးအရ တစ်နှစ်လျှင်ဒေါ်လာ ၅၀ဘီလီယံဖိုးခန့် ဆုံးရှုံးနေရသည်ဟု ခန့်မှန်းထားသည်။ သဲကန္တာရများ ကျယ်ပြန့်လာခြင်းနှင့်အတူ တရုတ်နိုင်ငံတစ်ဝန်းတွင် သဲမုန်တိုင်းများ ကျရောက်လေ့ရှိသည်။ သဲမုန်တိုင်းများကြောင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုပါ ထိခိုက်ခဲ့ရသည်။

သစ်တောဖုံးလွှမ်းမှု

၇၃နှစ်ကြာမြင့်သည့် သစ်ပင်စိုက်ပျိုးရေးစီမံကိန်း၏ ပထမဆုံးအဆင့်မှာ ၂၀၀၁ခုနှစ်တွင် ပြီးဆုံးခဲ့ပြီဖြစ်သည်။ မြို့တော်ပေကျင်း အနီးတစ်ဝိုက်ဒေသများတွင် သစ်တောဖုံးလွှမ်းမှုမှာ နယ်မြေဧရိယာ၏ ၁၃ ဒသမ ၄ ရာခိုင်နှုန်းမှ ၂၇ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

မြစိမ်းရောင်မဟာတံတိုင်းစီမံကိန်းအရ လွန်ခဲ့သည့်နှစ်ပေါင်း၃၀ ကာလအတွင်း မြေနေရာဟက်တာ ၂၅ဒသမ၀၇သန်းနှင့် သစ်ပင်များ စိုက်ပျိုးနိုင်ခဲ့သည်။ သစ်တောပြုစုပျိုးထောင်ခြင်း၏ရလဒ်အဖြစ် သဲကန္တာရနယ်တွင် ၂၀ရာခိုင်နှုန်းကျော်မှာ စိမ်းလန်းစိုပြည်သည့်နယ်မြေအဖြစ်သို့ ကူးပြောင်းလာခဲ့ပြီး မြေဆီလွှာပြုန်းတီးမှု (Soil Erosion)ပြဿနာကို ထိန်းချုပ်နိုင်ပြီဟု ဆိုထားသည်။

ကောက်ပဲသီးနှံအထွက်တိုး

သစ်ပင်များက လေကာတန်းအဖြစ် ရပ်တည်ပေးမှုကြောင့် စိုက်ပျိုးမြေဟက်တာ သန်း၂၀ကို သဲမုန်တိုင်းများ ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ပြီး ကောက်ပဲသီးနှံ တစ်နှစ်လျှင် တန်ချိန် ၁၁သန်းအထိ အထွက်တိုးခဲ့သည်။

စီမံကိန်းစတင်ခဲ့ချိန်မှစ၍ တရုတ်နိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းရှိ ပြည်နယ် ၁၃ ပြည်နယ်၊ ခရိုင်အားဖြင့် ၅၅၁ခရိုင်တွင် သစ်ပင်များ စိုက်ပျိုးခဲ့ပြီးဖြစ်ပေသည်။

ဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်ရေး(Eco-Conservation)စီမံကိန်းဖြစ်သည့် သစ်ပင်စိုက်ပျိုးရေးနှစ်ရှည်စီမံကိန်းသည် တရုတ်နိုင်ငံ စုစုပေါင်းကုန်းမြေဧရိယာ၏ ၄၂ဒသမ၄ ရာခိုင်နှုန်း သို့မဟုတ် စတုရန်းကီလိုမီတာ ၄ဒသမ၀၆၉ သန်း အကျုံးဝင်လျက်ရှိသည်။

စံနမူနာပြု

ဤစီမံကိန်းအရ ရေအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့်အပြင် မြက်ခင်းမြေ (Grassland) ဟက်တာသန်း ၃၀၏ ဂေဟစနစ်များကို တိုးတက်စေကာ တိရစ္ဆာန်အစာအဖြစ်အသုံးပြုသော မြက်(Fooder Grass) ထွက်ရှိမှု တစ်နှစ်လျှင် ၄ဒသမ၄၅သန်းအထိ မြင့်တင်ပေးနိုင်ပြီဖြစ်သည်။

အချုပ်ဆိုရသော် ရာသီဥတုနှင့် ကမ္ဘာ့လေထု၏အလွှာကို ထိန်းသိမ်းပြီး ကာဗွန်ဓာတ်သိုလှောင်ရာ သဘာဝ အဆောက်အအုံဖြစ်သော သစ်တောကြီးများတည်ရှိမှသာ လူသားတို့နှင့် သက်ရှိတို့ ရပ်တည်နိုင်မည်ဖြစ်ရာ တရုတ်နိုင်ငံ၏ မြစိမ်းရောင်မဟာတံတိုင်းစီမံကိန်းသည် ကမ္ဘာပေါ်တွင် စံနမူနာပြုနိုင်သော သစ်တောပြုစုပျိုးထောင်ရေး စီမံကိန်းကြီးဖြစ်ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်အချက်အလက်များ

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချီ

ရန်ကုန် အောက်တိုဘာ ၂၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၃၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၁၉လမ်းထောင့်)Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ပြန်ပေးဆွဲခံထားရသည့် မြန်မာသင်္ဘောသား၁၄ဦး ပြန်လည်လွတ်မြောက်၍ ယခုလကုန်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်၊ မြန်မာနိုင်ငံတွင် လူသိအများဆုံး ကုန်အမှတ်တံဆိပ်များ၊ ဒဂုံမြို့နယ်က လက်ကိုင်အိတ်လုယူမှုတွင် ဓားထိုးခံရသည့် ကျူရှင်ဆရာမလေး သေဆုံးခြင်းမရှိ၊ လေဘေးသင့်ဒေသများ၌ လူနေအိမ်အလုံး ၆၀၀၀၀အထိ ဆောက်လုပ်သွားမည်၊ စဥ့်အချပ်ပေါင်း၆၀ဖြင့်ဖန်တီးမည့် မြန်မာ့အကြီးဆုံးစဥ့်ပန်းချီကား ပြုလုပ်၊ ရန်ကုန်-ပုသိမ်ကားလမ်း ပြန်လည်ကောင်းမွန်လာ၊ မြန်မာ့ပထမဆုံး ကွန်ပျူတာ တပ်ဆင်ကျွမ်းကျင်မှုပြိုင်ပွဲ ကျင်းပမည်၊ သဘာဝဓာတ်ငွေ့တင်ပို့မှုသည် ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း အမြင့်မားဆုံးဖြစ်ခဲ့၊ မြန်မာ့ပထမဆုံး ဂေါက်သီးရိုက်သင်တန်းကျောင်း ပြင်ဦးလွင်တွင်ဖွင့်မည်၊ ရခိုင်ပြည်နယ်၌ ပုစွန်လေလံဈေးကွက်ဖွင့်ရန်စီစဉ်နေ၊ မိုးသက်မုန်တိုင်းကြောင့် ပင်လယ်ထဲတွင်မျောနေစဉ် လူသေအလောင်းကို ဖက်တွယ်မိခဲ့ပြီး အသက်ရှင်ခဲ့ရသူ၏ ဖြစ်ရပ်ဆန်း၊ ခေတ်မီဆန်စက်များကို တစ်နေရာတည်း၌ လေ့လာနိုင်မည့် ဆန်စက်ပြခန်းဖွင့်မည်၊ နင်းနှိပ်ပေးရင်း ဆွဲကြိုးဖြတ်ယူသွားသူ နှစ်ဦးအား နှစ်ရက်အတွင်းဖမ်းမိ၊ ကမ္ဘာ့ဘက်စုံ ကြွယ်ဝမှုအရှိဆုံးနိုင်ငံ၊ သေပြီဟုဆိုကာ ရင်ခွဲရုံထဲထည့်ထားသောအမျိုးသမီး အသက်ပြန်ရှုလာသောကြောင့် ဆေးရုံကိုတရားစွဲ၊ ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲထားသည့် သင်္ဘောတစ်စင်း လွတ်မြောက်သွား၊ မျက်ရည်များ ပန်းထုတ်၍ စာရေးပြနိုင်သူ၊ ဂါဇာကမ်းမြောင်ဒေသက လျှို့ဝှက်မြေအောက်လိုဏ်ခေါင်းများ တရားဝင်ဖြစ်လာ၊ ဂြိုဟ်သားများ အာကာသယာဉ်ဖြင့် မြေပြင်သို့ဆင်းသက်မည်ဟု အကြားအမြင်ဆရာမကဆိုသောကြောင့် လောင်းကြေးဒိုင်များအလုပ်ဖြစ်၊ တကယ့်ရွှေဖရုံသီးစီး၍ လှေလှော်ပြိုင်ပွဲကျင်းပ၊ ယူကရိန်းသင်္ဘောမှ သင်္ဘောသားတို့၏ မိသားစုနှင့် ဆွေမျိုးများက ပြန်ရွေးရန်ငွေကို လိုက်လံစုဆောင်းနေ၊ အမေရိကန်ပြည်ထောင်စုတွင် ဒိုင်နိုဆော သင်္ချိုင်းတစ်ခုတွေ့ရှိ စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၁၀-၂၀၀၈ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၇:၅၀ ၅။ နှောင်းခေတ်တေးပဒေသာ
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ **လာအတူသွားကြစို့** ကျော်သက်လင်း၊ ဝင်းထွဋ်အောင်၊ ထိုက်ထိုက်သင်း (ဒါရိုက်တာ-စိန်သန်းဦး)
- ၈:၄၅ ၈။ တေးဂီတအစီအစဉ်
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ အကပြိုင်ပွဲ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ တေးဂီတအစီအစဉ်
- ၅:၁၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၂၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၂၀) [ဇာတ်သိမ်း]
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်** (အပိုင်း-၂၀)
- ၁၉။ အစီအစဉ်ပြီး၏။

တစ်ချက်တည်းကျင်းဝင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၀

နေပြည်တော် တပ်မတော်ဂေါက်ကွင်း(ရေပြာ)၌ အောက်တိုဘာ ၁၅ရက်က နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒေါက်တာရဲထွဋ်သည် ကစားဖော်များ ဖြစ်ကြသော ဦးသန်းဝင်း၊ ဦးအောင်မျိုးမြတ်၊ ဦးတင်ဇော်လင်းတို့နှင့်အတူ ကျင်းအမှတ်(၁၆)တွင် ၁၂၄ ကိုက်အကွာမှ Callaway No.2 ဘောလုံးကို Mermuda Professional Sand-wedge တုတ်ဖြင့်ရိုက်လိုက်ရာတစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ချောင်းဆုံ တြိဂံပန်းခြံ မြေယာရှုခင်းအလှပြုပြင်

ချောင်းဆုံ အောက်တိုဘာ ၂၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် တြိဂံပန်းခြံတွင် ကျောက်စီနံရံနှင့် မြေယာရှုခင်းအလှပြုပြင်ခြင်းကို စက်တင်ဘာ၁၀ရက်က ဥယျာဉ်မှူးနှင့် အဖွဲ့ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ကွင်းဆင်းကြီးကြပ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စံပြအမျိုးသမီး အထက်တန်းကျောင်း (မရမ်းခြံ) ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၀

စံပြအမျိုးသမီးအထက်တန်းကျောင်း(မရမ်းခြံ) အထက(၁) ကမာရွတ် ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို အောက်တိုဘာ၂၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် အထက(၁) ကမာရွတ်ကျောင်းခန်းမ၌ နှစ်စဉ်ကျင်းပမြဲအတိုင်း ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူ ကျောင်းသူဟောင်းများသည် ဒေါ်ခင်မြင့်မြင့်စိမ်း ဖုန်း-၅၈၄၄၈၉၊ ဒေါ်တင်တင်သင်း ဖုန်း-၅၂၆၁၅၆၊ ဒေါ်စန်းဖြူဖြူ ဖုန်း-၆၆၄၇၅၁၊ ဒေါ်ညွန့်ညွန့်ရည် ဖုန်း-၂၉၀၅၂၀၊ ဒေါ်လှလှထွေး ဖုန်း-၅၀၁၄၀၉၊ ဒေါ်ပန်းခက်ခက် ဖုန်း-၀၉-၅၀-၀၀၃၆၆၊ ဒေါ်ဇင်နွယ်အေး ဖုန်း-၅၁၀၀၁၇၊ ဒေါ်စိန်မြ ဖုန်း-၀၉-၅၁-၉၉၅၆၄၊ ဒေါ်ထွန်းခန့်ခန့်လွင် (ခ) နီလွင်ထွန်း ဖုန်း-၀၉-၅၁-၇၃၇၀၃၊ ဒေါ်မွန်မွန်ပိုက် ဖုန်း-၀၉-၅၁-၂၅၇၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မျိုးဆက်သစ်တို့ဆင်ယင်နွှဲ ဆို၊ က၊ ရေး၊ တီး ယှဉ်ပြိုင်ပွဲ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

နေပြည်တော် အောက်တိုဘာ ၂၀ ဖက်(စ်)

ခေါင်းအခါ၊ ခြေအထိုး၊ လက်အချိုးတို့က စည်းချက်အညီ သွယ်ပျောင်းစွာ၊ လေမှာပျံ့ဝဲ ငှက်ငယ်အလား ကကြိုးစုံလင် ပရိသတ်ဘဝင်ကို မှင်တက်အံ့သြ ငေးမောနစ်မျောအောင် ဖမ်းစားနေရာမှ တီးလုံးအပြီး ကကြိုးအရပ် တစ်ထပ်တည်းကွက်တိဖြစ်အောင် မင်းသမီးအရုပ်ကို ကြိုးဆွဲနိုင်သူ မန္တလေးတိုင်းမှ ရုပ်သေးပြိုင်ပွဲဝင် မောင်မင်းဆွေ၊ ပရိသတ်အားပေးသံ ဝေါခနဲထွက်လာသည်။ လက်ခုပ်သံတဖြောင်းဖြောင်းကား မစဲတော့....။ မြန်မာ့ရုပ်သေးကို မျိုးဆက်သစ်တို့ ပိုင်ပိုင်နိုင်နိုင် လက်ဆင့်ကမ်းယူနိုင်ခဲ့လေပြီ။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ရုပ်သေးပြိုင်ပွဲ ကျင်းပရာ နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်အတွင်း ရုပ်သေးပြိုင်ပွဲကို လာရောက်ကြည့်ရှုအားပေးသူများကား ခန်းမအပြည့်အလျှံ၊ မြန်မာ့ကြိုးဆွဲရုပ်သေးကို ပရိသတ်တို့ နှစ်သက်မြတ်နိုးစွာ အားပေးမှုကို မြင်တွေ့ရသည်။

မျိုးဆက်သစ်

ရုပ်သေးအကဲဖြတ် အဖွဲ့ခေါင်းဆောင်အဖြစ် အကဲဖြတ်အမှတ်ပေးနေသော ရုပ်သေးပညာရှင် ဦးရဲဒွေးက ''ဒီလိုပြိုင်ပွဲကြီး ကျင်းပပေးတာဟာ အခုမြင်တွေ့ရတဲ့အတိုင်း ပြိုင်ပွဲဝင်လူငယ်တွေ တစ်နှစ်ထက်တစ်နှစ် အရည်အချင်းတွေ မြင့်တက်လာကြတယ်။ ရုပ်သေးကြိုးဆွဲဟာ တကယ်တတ်ကျွမ်းမှသာ ပြိုင်ပွဲဝင်လို့ရတာပါ။ အမှန်အတိုင်းပြောရရင် ရုပ်သေးကို လူငယ်တွေ စိတ်ဝင်စားမှုနည်းကြတယ်။ အခုလိုပြိုင်ပွဲကြီး နှစ်စဉ်ကျင်းပပေးနေတာမို့ လူငယ်မျိုးဆက်သစ်တွေ အဆက်မပြတ် မွေးထုတ်ပေးနိုင်တာပေါ့''ဟု အသက် ၇၂ နှစ်ရှိပြီဖြစ်သော ဦးရဲဒွေးက မြန်မာ့အလင်းသို့ ပြောကြားသည်။

''မင်းသမီးလိုကပြီး ပြိုင်ရမှာဆိုတော့ ပျော်စရာကြီး၊ နောက်နှစ်တွေလည်း ဝင်ပြိုင်သွားမှာပါရှင့်''
မအိကေခိုင်မျိုး
(မန္တလေးတိုင်း)။

ရုပ်သေးပြိုင်ပွဲ

ရုပ်သေးပြိုင်ပွဲဝင်အဖြစ် မန္တလေးတိုင်းမှ မောင်မင်းဆွေကလည်း ''ဒီနှစ်မှ ရုပ်သေးပြိုင်ပွဲဝင်ဖြစ်တာပါ။ အခုမင်းသမီး ရုပ်သေးကြိုးဆွဲပြိုင်ပွဲဝင်ခဲ့ပြီး စင်ပေါ်ကဆင်းလာတာ၊ ကျွန်တော့်စိတ်တိုင်းကျ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်တာမို့ စိုးရိမ်စိတ်ဝင်မိတာကလွဲပြီး အမှားအယွင်းမဖြစ်ခဲ့ပါဘူး။ ပျော်စရာကောင်းလို့ နောက်နှစ်တွေ ပြိုင်ပွဲဝင်ဦးမှာပါ''ဟု ပြောပြသည်။

ကျယ်ဝန်းသောခန်းမကြီးအတွင်း ရုပ်သေး အကဲဖြတ်ဒိုင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ရုပ်သေးပြိုင်ပွဲဝင်များ၊ ပရိသတ်များဖြင့် စည်စည်ကားကားရှိနေသည်။ ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့သည် အဆိုပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)သို့ သွားရောက်ခဲ့သည်။

ကာလပေါ်

ပြိုင်ပွဲခန်းမအပြင်ဘက် မြက်ခင်းပြင်တွင် ပြိုင်ပွဲဝင်ရန် အဆိုလေ့ကျင့်နေသူများကို တွေ့ရသည်။ ပြည်နယ်နှင့်တိုင်း အသီးသီးမှ အုပ်ချုပ်သူများကလည်း အနီးကပ် ကြီးကြပ်ပေးနေသည်ကို မြင်တွေ့ရရာ အပြိုင်အဆိုင်ဖြစ်နေသည်။ ပြိုင်ပွဲခန်းမအတွင်း ကာလပေါ်တေးသီချင်းတစ်ပုဒ်ကို သီဆိုပြိုင်ပွဲဝင်နေသူတစ်ဦးအား မြင်တွေ့ရသည်။ကရင်ပြည်နယ်မှပြိုင်ပွဲဝင် မသဲနုအေးအသံအနိမ့်အမြင့်၊ အဆွဲအငင်ကောင်းစွာဖြင့် ယှဉ်ပြိုင်သွားနိုင်သည်။ စင်မြင့်ပေါ်မှ ဆင်းလာသဖြင့် မေးမြန်းကြည့်ရာ ''ကရင်ပြည်နယ် ဘားအံမြို့ဇာတိပါ၊ ပြိုင်ပွဲဝင်တာ ခုနစ်ကြိမ်ရှိပါပြီ၊ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် သုံးခုရရှိထားပါတယ်။ သမီးက ဆရာမ ဒေါ်စိမ်းလဲ့လဲ့နဲ့ နေ့တိုင်း အဆိုလေ့ကျင့်ခဲ့တာပါ။ အခု ကာလပေါ်အဆိုပြိုင်ပွဲမှာ ဆုရရှိလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ ပြိုင်ဘက် သူငယ်ချင်းတွေနဲ့လည်း ပြန်တွေ့ရတော့ ပျော်စရာကောင်းတယ်''ဟုဖြေကြားသွားသည်။

ပြိုင်ပွဲဝင်များ တစ်ဦးပြီးတစ်ဦး ယှဉ်ပြိုင် သီဆိုမှုကို နားထောင်ကြည့်ရာ အားလုံး အစွမ်းပြသီဆိုနိုင်ကြသဖြင့် ဒိုင်များ အကဲဖြတ်ရွေးချယ်ရ ခက်ခဲပေလိမ့်မည်။ အဆိုပြိုင်ပွဲကျင်းပရာမှ ထွက်ခွာပြီး ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)သို့ ရောက်ရှိခဲ့ပြန်သည်။

''ပြိုင်ပွဲဝင်ကလေးတွေရဲ့ လက်စွမ်းက အံ့မခန်းပါပဲ''
ဦးစိန်လှမြိုင်
ဆိုင်းအကဲဖြတ်အဖွဲ့ခေါင်းဆောင်။

လက်ဆင့်ကမ်း

ပြိုင်ပွဲခန်းမအတွင်း ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို အကဲဖြတ်အမှတ်ပေးနေသော ဆိုင်းဆရာကြီး ဦးစိန်လှမြိုင်နှင့် တွေ့ဆုံရာ ''ပြိုင်ပွဲဝင်ကလေးတွေရဲ့ လက်စွမ်းကကောင်းပါတယ်။ ကျွန်တော်တို့ခေတ်က အခုလို ငါးနှစ်သားအရွယ်မှာ ဆိုင်းဝိုင်းကြီးကို နိုင်နိုင်နင်းနင်း တီးနိုင်တဲ့သူ အတော်ရှားပါတယ်။ အခု သားတို့ နားထောင်ကြည့်သွားပါ။ တကယ်တော်တဲ့ ကလေးတွေရဲ့ ဆိုင်းလက်သံကို နားဆင်ကြရမှာပါ။ ဘဘတို့အသက်က ၈၄နှစ်ရှိနေပြီ။ ဘဘတို့ရဲ့ ဆိုင်းပညာအမွေကို ဒီကလေးတွေလက်ထဲကို ယုံယုံကြည်ကြည်နဲ့ လက်ဆင့်ကမ်းခဲ့မှာပါပဲ။ ဒါဟာ နိုင်ငံတော်က အခုလိုပြိုင်ပွဲကြီးကျင်းပပေးလို့ပေါ့''ဟု ဖြေကြားသည်။

''လက်စွမ်းပြပြီး ပြိုင်ခဲ့ပါတယ်''
မောင်ပြည့်စုံအောင်
(ရန်ကုန်တိုင်း)။

လက်ခုပ်သံမစဲ

စင်မြင့်ပေါ်သို့ ကလေးငယ်တစ်ဖွဲ့ တက်ရောက်သွားသည်ကို တွေ့ရသည်။ သိပ်မကြာ ဆိုင်းဝိုင်း လက်စွမ်းပြတီးရာ တိကျပြတ်သားသော အဝင်အထွက်၊ လက်ကျလက်နကောင်းမွန်သော တီးကွက်များဟာ မိမိကိုယ်တိုင် အံ့သြမှုဖြစ်ရသည်။ အားပေးသည့် ပရိသတ်များကလည်း လက်ခုပ်သံမစဲ၊ ပြိုင်ပွဲဝင်သူကို သေသေချာချာကြည့်လိုက်တော့ ရန်ကုန်တိုင်းမှ ပြိုင်ပွဲဝင် မောင်ပြည့်စုံအောင်အဖွဲ့။ ပြိုင်ပွဲအပြီး စင်မြင့်ပေါ်မှဆင်းလာသူ မောင်ပြည့်စုံအောင်ကို မေးမြန်းရာ ''သားအသက် ရှစ်နှစ်ပါ။ ဆရာစိန်အောင်ဆင့်နဲ့ ဆရာစိန်မင်းသားတို့က သင်ပေးခဲ့ကြပါတယ်။ ဒီနှစ်မှ ပထမဆုံး ပြိုင်ပွဲဝင်ပေမယ့် သား မကြောက်ပါဘူး။ ရွှေတံဆိပ်ရအောင် လက်စွမ်းပြပြီး ပြိုင်ခဲ့တာပါ။ နောက်နှစ်တွေလည်း ဆက်ပြီး ပြိုင်ပွဲဝင်သွားမှာ ဖြစ်ပါတယ်''ဟု ဖြေကြားသွားသည်။

''ဒီနှစ်မှ ရုပ်သေးပြိုင်ပွဲ ဝင်ဖြစ်တာပါ''
မောင်မင်းဆွေ
ရုပ်သေးပြိုင်ပွဲဝင်(မန္တလေးတိုင်း)။

အကပြိုင်

အရွယ်နှင့်မလိုက်အောင် ဆိုင်းပညာ၌ ထူးချွန်သူပင်ဖြစ်သည်။ ထို့နောက် အကပြိုင်ပွဲကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ)သို့ ဆက်လက်သွားရောက်ခဲ့သည်။

''ရုပ်သေးကြိုးဆွဲဟာ တကယ်တတ်ကျွမ်းမှသာ ပြိုင်ပွဲဝင်လို့ရတာပါ''
ဦးရဲဒွေး
ရုပ်သေးအကဲဖြတ်အဖွဲ့ခေါင်းဆောင်။

ပြိုင်ပွဲခန်းမအတွင်း ပြည်နယ်နှင့် တိုင်းအသီးသီးမှ အခြေခံပညာ (၅-၁၀)နှစ်အတန်း အကပြိုင်ပွဲဝင် ကလေးငယ်များကို တွေ့ရသည်။ မျက်နှာတွင် မင်းသမီးတစ်ဦးကဲ့သို့ ပြင်ဆင်ထားသူ မိန်းကလေးငယ်တစ်ဦးကို မေးမြန်းရာ ''သမီးက မန္တလေးတိုင်း ကိုယ်စားပြု အကပြိုင်ပွဲဝင် မအိကေခိုင်မျိုး ဖြစ်ပါတယ်။ နေ့စဉ် ဆရာမနဲ့ လေ့ကျင့်ခဲ့တာဆိုတော့ သမီး ပြိုင်ရမှာမကြောက်ပါဘူး၊ အခု မင်းသမီးလိုကပြီး ပြိုင်ရမှာဆိုတော့ ပျော်စရာကြီး၊ နောက်နှစ်တွေလည်း ဝင်ပြိုင်သွားမှာပါရှင့်''ဟု ဖြေကြားသွားသည်။

လွင့်ပျံ့နေဆဲ

မင်းသမီးလေးများကဲ့သို့ ပြင်ဆင်ထားသော ကလေးငယ်များ တစ်ဦးပြီးတစ်ဦး ယှဉ်ပြိုင်ကပြသွားသည်ကို အတန်ကြာ အားပေးပြီး ပြိုင်ပွဲခန်းမမှ ပြန်လည်ထွက်ခွာခဲ့သည်။ ပြိုင်ပွဲများ ကျင်းပရာ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေ၌ သီဆိုကခုန် တီးမှုတ်သံများကား လွင့်ပျံ့နေဆဲ....။ ။

(မြန်မာ့အလင်း)

''ပြိုင်ဘက်သူငယ်ချင်းတွေနဲ့လည်း ပြန်တွေ့ရတော့ ပျော်စရာကောင်းတယ်''
မသဲနုအေး
အဆိုပြိုင်ပွဲဝင် (ကရင်ပြည်နယ်)။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အောက်တိုဘာ ၂၁ ရက် (ယနေ့)ယှဉ်ပြိုင်မည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၆	၂၁-၁၀-၂၀၀၈ (အင်္ဂါနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ ကာလပေါ် အဆို၊ ကာလပေါ်	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(တယော) အတီး(တယော)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ပတ္တလား) အတီး(ပတ္တလား)	ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(ဒုံမင်း) အတီး(ဒုံမင်း) အတီး(ဒုံမင်း)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းတစ်ဦးချင်း) အတီး(ဆိုင်းတစ်ဦးချင်း)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသား)	၀၉၀၀ ၁၃၀၀
		အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အရေး(သီချင်းလေ့ကျင့်) ရုပ်စုံသဘင်အဖွဲ့လိုက်	{ဝါသနာရှင်(ပထမတန်း)၊ဝါသနာရှင်(ဒုတိယတန်း)၊အဆင့်မြင့်ပညာ } (အမျိုးသား/အမျိုးသမီး) မဟာဗုဒ္ဓဝင်တောထွက်ခန်း(မကွေးတိုင်း)	၀၉၀၀ ၁၉၀၀

နယ်စပ်ဖြတ်ကျော်လမ်းနှင့် ကုန်သွယ်ရေးဇုန် တည်ဆောက်မည့်မြေနေရာ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် အောက်တိုဘာ ၁၇ရက် နံနက် ၇နာရီခွဲက မောင်တောမြို့ ကုန်သည်ကြီးများအသင်းရုံး ဒေဝါနဒီခန်းမ၌ကျင်းပသော ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ကုန်သွယ်ရေးဇုန် တည်ဆောက်မည့်မြေနေရာ၊ နယ်စပ်ဖြတ်ကျော်လမ်းဖောက်လုပ်မည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြား၍ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်ဗိုလ်ချုပ်ခင်ဇော်၊တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်အဖွဲ့သည် မောင်တော-ရွှေဇားကျေးရွာ ကားလမ်းမှတစ်ဆင့် ရွှေဇားတံတားသို့ရောက်ရှိကြပြီး တံတား၏ကြံ့ခိုင်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေဇားကျေးရွာအုပ်စုရှိ ကညင်ချောင်း ဆိပ်ခံတံတား စခန်းအဆောက်အအုံများ၊ ပြန်လည်လက်ခံရေး စခန်းနှင့် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်လမ်းဖောက်လုပ်မည့်လမ်းကြောင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အထောက်အကူပြု

ကညင်ချောင်းဆိပ်ကမ်းသည် သင်္ဘောကြီးများ တစ်နှစ်ပတ်လုံး ဝင်ထွက် သွားလာနိုင်သည့် နေရာဖြစ်ရာ ဆိပ်ကမ်း ပြန်လည်မွမ်းမံ တည်ဆောက်ပြီးစီးပါက နှစ်နိုင်ငံကုန်သွယ်မှုကို များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ကညင်ချောင်းဆိပ်ခံတံတားမှ နတ်မြစ်မြစ်ကြောင်းအတိုင်း အမြန်ရေယာဉ်များဖြင့် တောင်ပြိုလက်ဝဲမြို့သို့ ရောက်ရှိကြပြီး နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် လမ်းဖောက်လုပ်သွားမည့်လမ်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးတံတား **(အပေါ်ယာပုံ)**နှင့် ကမ္ဘည်းကျောက်စာတိုင်မှစ၍ လမ်းအူကြောင်းရှာဖွေထားမှုနှင့် ကုန်သွယ်မှုဇုန်သို့ ဦးတည်ပြီး နယ်စပ်ဖြတ်ကျော်လမ်းဖောက်လုပ်မှု အခြေအနေ၊ ကုန်သွယ်ရေးဇုန် တည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပေးဝေနိုင်မည်

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် တောင်ပြိုယာဆည်သို့ ရောက်ရှိကြပြီး ဆည်အတွင်း ရေသိုလှောင်နိုင်မှုအခြေအနေနှင့် ပတ်ဝန်းကျင်မြေ အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။အဆိုပါ တောင်ပြိုယာဆည်သည် ကုန်သွယ်မှုဇုန်သို့ ရေလုံလောက်စွာပေးဝေနိုင်မည့်ဆည်ဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် တောင်ပြိုလက်ဝဲမြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများအား ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် တောင်ပြိုလက်ဝဲမြို့ တောင်ပြိုဝဲ စံပြကျေးရွာ ရှင်းလင်းဆောင်၌ ဒေသခံများအားတွေ့ဆုံပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က အဝတ်အထည်နှင့်စာစောင်များကို ထောက်ပံ့ပေးအပ်ကြသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် တောင်ပြိုလက်ဝဲမြို့ရှိ ဌာနဆိုင်ရာရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရေယာဉ်များဖြင့် တောင်ပြိုလက်ဝဲမြို့မှ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်အတိုင်း ကျီးကျွန်းဒီရေတောများ ထိန်းသိမ်းထားရှိမှုနှင့် နှစ်နိုင်ငံနယ်စပ်အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ ညနေပိုင်းတွင် မောင်တောမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူငယ်စစ်တုရင်ပြိုင်ပွဲယှဉ်ပြိုင်ရန် ဗီယက်နမ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၀

ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၁၉ရက်မှ ၃၁ရက်အထိကျင်းပမည့် ကမ္ဘာ့လူငယ်စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ရန်အတွက် မြန်မာစစ်တုရင် အားကစားအဖွဲ့သည် အောက်တိုဘာ ၁၈ရက် နံနက် ၉နာရီ ၄၅မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ မြန်မာ စစ်တုရင်အားကစားအဖွဲ့တွင် အုပ်ချုပ်သူ ဦးမောင်မောင်လွင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်)နှင့် အားကစားသမား မောင်ညီလိုင်စိုးတို့ ပါဝင်ကြပြီး ကမ္ဘာ့လူငယ်စစ်တုရင်ပြိုင်ပွဲ အသက်(၁၄)နှစ်နှင့် အောက်လူငယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

တရုတ်-အာဆီယံ ကုန်စည်ပြပွဲတက်ရောက်ရန် သစ်လုပ်ငန်းရှင်များအဖွဲ့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိကျင်းပမည့်(၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းနှင့် တွဲဖက်အတွင်းရေးမှူး(၂)ဦးအောင်နိုင်ဦး ဦးဆောင်သည့် အဖွဲ့ဝင် ၁၂ဦးပါ အဖွဲ့သည် အောက်တိုဘာ ၁၉ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်းတွဲဖက်အတွင်းရေးမှူး(၁)ဒေါက်တာမျိုးသက်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးဇော်ဝင်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ပြသမည်

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဝင် ကုမ္ပဏီကိုးခုတို့မှ ကျွန်း၊ ပိတောက်၊ သင်းဝင်၊ ရင်းတိုက်၊ တမလန်းတို့ဖြင့် ပြုလုပ်ထားသည့် ဆက်တီများ၊ ထမင်းစားပွဲများ၊ ဘုရားစင်များ၊ ကုလားထိုင်များ၊ လိုက်ကာချပ်များကို ပြခန်းပေါင်း ၂၀ ဖြင့် ခင်းကျင်းပြသမည် ဖြစ်သည်။ ထို့ပြင် တရုတ်ရိုးရာ ပရိဘောဂ အချောထည်များကိုလည်းစိတ်ဝင်စားဖွယ်ခင်းကျင်းပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှအသိုက်အဝန်းတစ်ရပ် တည်ဆောက်သွားနိုင်ရန် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ

ဆက်လက်တိုးမြှင့် အကောင်အထည်ဖော်ရန် သဘောတူညီ

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်သမ္မတနိုင်ငံ အက်စ်တာနာမြို့၌ အောက်တိုဘာ ၁၅ရက်မှ ၁၆ရက်အထိ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (အေစီဒီ) ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အကြိုညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်ပြီး အောက်တိုဘာ ၁၈ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဖွင့်လှစ်ပေး

အဆိုပါဝန်ကြီးအဆင့်အစည်းအဝေးကို အောက်တိုဘာ ၁၆ရက်တွင် အက်စ်တာနာမြို့ရှိ ရီဆော့စ်ပရဲစီးဒင့် ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေး မစတင်မီ ကိုယ်စားလှယ်များစုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးမစ္စတာမာရတ်ဇ်တာနင်က အမှာစကား ပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။ အဆိုပါ အစည်းအဝေးသို့ အေစီဒီအဖွဲ့ဝင်နိုင်ငံ ပေါင်း ၃၀မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညစာစားပွဲတက်ရောက်

ဒုတိယဝန်ကြီး ဦးကျော်သူသည် မွန်းလွဲပိုင်းတွင် အခြားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ ကာဇက်စတန်သမ္မတနိုင်ငံသမ္မတH.E.Mr.Nurulsultan Nazarbarevအား ဂါရဝပြုတွေ့ဆုံခဲ့သည်။ ညပိုင်းတွင် ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေး

အစည်းအဝေးအပြီးတွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။အဆိုပါ ကြေညာချက်၌ အေစီဒီ ဆွေးနွေးပွဲ ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ အေစီဒီ၏ အန္တိမရည်မှန်းချက်ဖြစ်သော အာရှအသိုက်အဝန်းတစ်ရပ် တည်ဆောက်သွားနိုင်ရန်၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို တစ်ဆင့်ချင်း ဆက်လက်တိုးမြှင့် အကောင်အထည်ဖော်သွားရန် သဘောတူခဲ့ကြသည်။

ထို့ပြင် အတွင်းရေးမှူးချုပ်ရုံးကို ရေရှည်တွင် အမြဲတမ်း တည်ထောင်သွားနိုင်ရေးအတွက် ဖြစ်နိုင်ခြေ အလားအလာများ ဆက်လက်ဆွေးနွေးသွားရန်နှင့် အတွင်းရေးမှူးချုပ်ရုံးနှင့် အေစီဒီ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေတည်ထောင်ရန်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

သဘောတူညီ

အလားတူ အေစီဒီဆွေးနွေးမှု လုပ်ငန်းစဉ်များတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းတို့မှ ပါဝင်လာစေရေးအတွက်TrackIIဆွေးနွေးပွဲများကို နှစ်စဉ်ကျင်းပသွားရန် သဘောတူညီခဲ့ကြသည်။ ယခု (၇)ကြိမ်မြောက် အေစီဒီ အစည်းအဝေးတွင် ကာဂျစ်စတန်သမ္မတနိုင်ငံကို အဖွဲ့ဝင်နိုင်ငံ အဖြစ်လည်းကောင်း၊ မော်ရိုကိုနိုင်ငံကို အေစီဒီ၏ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်နိုင်ငံအဖြစ်လည်းကောင်း အသီးသီးလက်ခံဝင်ရောက်ခွင့်ပြုခဲ့သည်။ ထို့ပြင်ယဉ်ကျေးမှုနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေးကို အေစီဒီ၏ (၂၀)ခုမြောက် ပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍအဖြစ် သတ်မှတ်ခဲ့ကြသည်။ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှုများအနက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ကြီးအဆင့်ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၀၉ခုနှစ် ဧပြီလအတွင်း ကာဇက်စတန်သမ္မတနိုင်ငံ အက်စ်တာနာမြို့၌ ကျင်းပသွားမည် ဖြစ်သည်။

တိုက်တွန်း

အစည်းအဝေးမှ ကမ္ဘာ့စားနပ်ရိက္ခာ အခက်အခဲနှင့်ကမ္ဘာ့ငွေကြေး ပြဿနာများကြောင့် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအပေါ် ထိခိုက်လာမှုများကို စုပေါင်းညှိနှိုင်းတွန်းလှန်သွားကြရန် လိုအပ်ကြောင်းလည်း တိုက်တွန်းဖော်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၀

ယခုအပတ်ထုတ်မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၄၈)တွင် ရန်ကုန်မြို့ပြင်၌ ဖုံးပေါက်ကွဲထိခိုက်မှုမရှိ၊ တောင်ကိုရီးယားနှင့် မြန်မာသင်္ဘောသားများကို ဆိုမာလီပင်လယ်ဓားပြတို့ လွှတ်ပေး၊ ဈေးမြင့်လာတဲ့ ရန်ကုန်နွားနို့ဈေးနှုန်းများ၊ နယ်စပ်ကုန်သွယ်ရေးကန့်သတ်မှုအချို့ ရုပ်သိမ်းပေး၊ အေးရှားပလာဇာမှ AMT တယ်လီဖုန်းဟန်းဆက်အရောင်းဆိုင်ဖောက်ထွင်း ခိုးသူအား လက်ဗွေရာအခြေခံ၍ ဖမ်းဆီးရမိ၊ ဌာနထောက်ခံချက်ရရှိထားသည့် FUXING BROTHERS ကုမ္ပဏီလီမိတက်မှ နွားနို့မှုန့်များတွင် အဆိပ်သင့် ဓာတုပစ္စည်းကင်းစင်ကြောင်း တရားဝင်သတင်းထုတ်ပြန်ကြေညာ၊ တရုတ်နိုင်ငံထုတ် နို့မှုန့်ကို ကိုယ်စားလှယ်ရယူ တင်သွင်းနေသည့်ကုမ္ပဏီအချို့ ပြည်တွင်းပြည်ပဌာနတို့မှ မယ်လမင်းဓာတ်ကင်းရှင်းကြောင်း အထောက်အထားများရယူ၍ ရောင်းချမည်၊ ဗေဒင်ဆရာလောကမှ ရိုက်စားများ၊ ကျောက်မျက်ရတနာရောင်းချခြင်းမှ ဒေါ်လာ ၁၇၅ သန်းရရှိ၊ အောင်ဘာလေ ထီဂဏန်းအရေအတွက်နှင့် ဆုကြေးတိုးမြှင့်ရန်အစီအစဉ်ရှိ၊ မောင်တောမြို့တွင် စီဒီအမ်အေဖုန်းများသုံးစွဲနိုင်ပြီ၊ မြို့လယ်ကောင်တိုက်ခန်းလှေကားအတွင်း အမျိုးသမီးကို ဓားနှင့်ထိုးသည့် တရားခံကို လက်ရဖမ်းမိ၊ ခွင့်ပြုမိန့်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများကို အရေးယူမည်၊ မြန်မာ့ဂူရှူး ကစားသမားများကို လေ့ကျင့်ပေးရန် တရုတ်နည်းပြတစ်ဦး ထပ်မံငှားရမ်း၊ ပြည်တွင်းနို့ဆီချက်လုပ်ငန်းများ ပြည်တွင်းနွားနို့ကုန်ကြမ်းကိုသာ အသုံးပြုသင့်၊ ကမ္ဘာ့ဖျက်နိုင်စွမ်းရှိသည့် ရုရှားဒုံးကျည်များ၊ အင်တာနက်စစ်မှ ပစ်မှတ်ဖြစ်မည့် အီရန်နိုင်ငံ၊ ရုရှားကထူးခြားကြီးမားသည့် ဒုံးပျံတပ်ဖွဲ့ထူထောင်၊ ရုရှားတို့က အမေရိကန်၏ နောက်ဘက်တံခါးကို လာခေါက်နေပြီ၊ အီရန်၏နျူကလီးယားဒေသများအား အစ္စရေးတိုက်မည်လား စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။

အင်္ဂါနေ့တိုင်း

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အကြိမ်(၄၀)မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်း မိုဇမ်ဘစ်အသင်းကို အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့တက်

ရန်ကုန် အောက်တိုဘာ ၂၀

၂၀၀၈ခုနှစ် အကြိမ်(၄၀)မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ(ခ) အုပ်စုနောက်ဆုံးပွဲစဉ်များကို ဒေသစံတော်ချိန်ဖနာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက မိုဇမ်ဘစ်လက်ရွေးစင်ဘောလုံးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်း ၅၇မိနစ်တွင် ထွန်းထွန်းဝင်း၊ ၆၈မိနစ်တွင် စိုးမြတ်မင်းနှင့် တတိယအနိုင်ဂိုးကို ၇၁ မိနစ်တွင် ခင်မောင်လွင်တို့က သွင်းယူကြသည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အုပ်စု(ခ)တွင် သုံးပွဲကစားရာ နှစ်ပွဲနိုင်တစ်ပွဲရှုံး ခြောက်မှတ်ရရှိကာ အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး အောက်တိုဘာ ၂၂ရက် တွင် အိမ်ရှင်မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

21-10 (07).pmd 1 10/21/2008, 2:25 AM

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ပဉ္စမမြောက်နေ့ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၀

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပဉ္စမမြောက်နေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ ဆက်လက်ကျင်းပကြသည်။

အဆိုပါ ပြိုင်ပွဲများသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်၊ရှေ့နေချုပ်ဦးအေးမောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများနှင့်ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာကိုချစ်မြတ်နိုးကြသူ ပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှု အားပေးကြသည်။

မဟာဂီတအဆိုပြိုင်

အဆင့်မြင့် ပညာအဆင့် အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲကို နံနက်၉နာရီတွင်စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ မကွေးတိုင်းမှ မမေခိုင်လင်း၊ ကချင်ပြည်နယ်မှ မသန္တာဌေး၊ မန္တလေးတိုင်းမှ မခင်သီတာမြိုင်၊ မွန်ပြည်နယ်မှမအိမြတ်မြတ်ဖြိုး၊ မန္တလေးတိုင်းမှ မမြတ်ပွင့်ဖြူ၊ ဧရာဝတီတိုင်းမှ မကျော်မေခမွန်၊ ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ စစ်ကိုင်းတိုင်းမှ မဇင်မာငြိမ်း၊ ရန်ကုန်တိုင်းမှ မမို့မို့သူဇာနှင့် မသီရိစုဝေတို့က**“လျှပ်ပန်းခွေနွဲ့”**(ယိုးဒယား) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅) နှစ်အထိ အမျိုးသားမဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ စစ်ကိုင်းတိုင်းမှ မောင်အောင်မိုးလွင်၊ ရခိုင်ပြည်နယ်မှ မောင်ဉာဏ်ဝင်း၊ ကချင်ပြည်နယ်မှ မောင်မင်းသန့်ဇော်(ခ)မျိုးမင်းထွန်း၊မွန်ပြည်နယ်မှမောင်ဝဏ္ဏ၊ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ ဧရာဝတီတိုင်းမှ မောင်ကျော်ရဲလွင်၊ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်း၊ ကယားပြည်နယ်မှ မောင်သီဟ်အေး၊ မန္တလေးတိုင်းမှ မောင်ဇော်ဘိုဘို၊ ရှမ်းပြည်နယ်မှ မောင်ဟိန်းထက်၊ မန္တလေးတိုင်းမှ မောင်အာကာစိုးလင်းနှင့် ပဲခူးတိုင်းမှ မောင်ဇော်ဝင်းနိုင်တို့က**“မြိုင်ဟောမာ”** (ယိုးဒယား)သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

အကယှဉ်ပြိုင်

ဝါသနာရှင်(ဒုတိယတန်း) အမျိုးသမီး အကပြိုင်ပွဲကို နံနက်၉နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းမှ ဒေါ်ခိုင်ဇာအိ၊ စစ်ကိုင်းတိုင်းမှ မသင်းသင်းခိုင်၊ မန္တလေးတိုင်းမှ မသင်းသင်းမိုး၊ ကယားပြည်နယ်မှ မခင်နှင်းယု၊ ချင်းပြည်နယ်မှ မလဲ့လဲ့အောင်၊ ရန်ကုန်တိုင်းမှ မနှင်းစုလှိုင်၊ ကချင်ပြည်နယ်မှ ဒေါ်ဝင်းဝင်းအေး၊ ရခိုင်ပြည်နယ်မှဒေါ်ချောစုလှိုင်၊ ပဲခူးတိုင်းမှ မဇင်သီတာကျော်၊ မကွေးတိုင်းမှ ဒေါ်ချောစုဝင်း၊ ရန်ကုန်တိုင်းမှ မဝမ်းကေဇင်၊ ရှမ်းပြည်နယ်မှ မစုစုထွေး၊ မွန်ပြည်နယ်မှ မဖြူဖြူအောင်၊ တနင်္သာရီတိုင်းမှဒေါ်မြအိခိုင်(ခ)မူယာကိုနှင့် မန္တလေးတိုင်းမှ မစိုးသက်မွန်တို့ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

ထို့နောက် မွန်းလွဲ၁နာရီတွင် အဆင့်မြင့် ပညာအဆင့် အမျိုးသား အကပြိုင်ပွဲကို ကျင်းပရာ ရခိုင်ပြည်နယ်မှမောင်မင်းရဲနောင်၊ ရှမ်းပြည်နယ်မှ မောင်မင်းကျော်ထွန်း၊ မန္တလေးတိုင်းမှ မောင်နိုင်လင်းဦး၊ တနင်္သာရီတိုင်းမှ မောင်ကျော်ဝင်းစိုး၊ ချင်းပြည်နယ်မှ မောင်ဇော်လင်းအောင်(ခ)ဖိုးဇော်၊ရခိုင်ပြည်နယ်မှ မောင်သန်းနိုင်၊ ရှမ်းပြည်နယ်မှ မောင်ကျော်သန်းဦး(ခ)စိုးကျော်ဖြိုး၊ ကရင်ပြည်နယ်မှမောင်ပြည့်စုံထွန်း၊ မန္တလေးတိုင်းမှ မောင်စည်သူထွန်း၊ ကချင်ပြည်နယ်မှ မောင်ကျော်မြင့်နှင့် မောင်ထွန်းမင်းဦး၊ မကွေးတိုင်းမှ မောင်မြင့်စိုးဦး၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာလင်း(ခ) ဖွဲ့စစ်နိုင်နှင့် မောင်နေဝင်းထွဋ်နှင့် စစ်ကိုင်းတိုင်းမှ မောင်မိုးမင်းဝင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်

အခြေခံပညာအဆင့်အသက်(၁၀) နှစ်မှ(၁၅)နှစ်အထိ အမျိုးသား စန္ဒရားအတီးပြိုင်ပွဲကို နံနက်၉နာရီတွင် သစ်တော သုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ မောင်ရဲထက်အောင်၊ ပဲခူးတိုင်းမှမောင်ကောင်းဇော်ဟိဏ်း၊မန္တလေးတိုင်းမှ မောင်သူရမြတ်မင်းစံ၊ ရှမ်းပြည်နယ်မှ မောင်ခွန်သက်နိုင်ဦး၊ ကယားပြည်နယ်မှ မောင်ဘုန်းမြင့်အောင်၊ ရန်ကုန်တိုင်းမှ မောင်ထိန်နန်ဇော်၊ မွန်ပြည်နယ်မှ မောင်အောင်ကျော်ကျော်၊ချင်းပြည်နယ်မှ မောင်စွမ်းထက်၊ ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်၊ ကချင်ပြည်နယ်မှမောင်လာဘော်နှင့် စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်တို့က **“တောဟောဝန်လယ်”** (ယိုးဒယား) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ ဒေါ်စည်သူစိုးနှင့် ဒေါ်ခင်ခိုင်ခိုင်လဲ့၊ မန္တလေးတိုင်းမှ ဒေါ်လွင်မီထွန်းနှင့်ဒေါ်ခင်ဆွေမြကြည်တို့က **“သာတင့်ဆုံး”**(ယိုးဒယား) သီချင်းဖြင့်ဝင်ရောက်ပြိုင်ပွဲဝင်ကြသည်။

စောင်းအတီးပြိုင်

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား စောင်းအတီး ပြိုင်ပွဲကို နံနက်၉နာရီတွင်စိုက်ပျိုးရေးတက္ကသိုလ်စာသင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ ဦးအောင်ကျော်ဇင်၊ ရန်ကုန်တိုင်းမှ ဦးသန်းထွန်းအောင်နှင့် ဦးရန်နိုင်၊ မွန်ပြည်နယ်မှ ဦးခင်မောင်ဆန်း၊ မန္တလေးတိုင်းမှ ဦးသော်ဇင်ဝင်း၊ ပဲခူးတိုင်းမှဦးစိုးသိန်း၊ဧရာဝတီတိုင်းမှဦးမျိုးသန့်နှင့် ရခိုင်ပြည်နယ်မှ ဦးဇော်ဇော်အောင်တို့က **“တောင်ဇမ္ဗူပိုင်”** (ယိုးဒယား)သီချင်းဖြင့်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)အထိ အမျိုးသမီး စောင်းအတီးပြိုင်ပွဲကိုကျင်းပရာ ရန်ကုန်တိုင်းမှ မနန်းသီရိခင်ခင်နှင့် မန္တလေးတိုင်းမှ မအေးစုကျော်တို့က **“မြရည်နန္ဒာ”** (ဘွဲ့) သီချင်းဖြင့် ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသား စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် ရှမ်းပြည်နယ်မှ မောင်ရဲဝင်းကျော်(ခ) ရှာလိုတို့က **“သိလ္လာမြေယံ”** (ကြိုး) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိ အမျိုးသမီးစောင်းအတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မဖူးသန့်ဇင်အောင်၊ ရန်ကုန်တိုင်းမှ မပိုင်သိမ့်သိမ့်နွေး၊ ဧရာဝတီတိုင်းမှမခိုင်ဇာမွန်၊တနင်္သာရီတိုင်းမှ မခြူးသဉ္ဇာသိမ့်၊ မန္တလေးတိုင်းမှ မသိမ့်ကြည်လင်လင်စိမ့်နှင့် ရန်ကုန်တိုင်းမှမသီဂီစိုးတို့က **“မြသို့ငယ်စိမ်းနု”** (ဘွဲ့)သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

အိုးစည်အတီးပြိုင်

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အိုးစည်အတီး ပြိုင်ပွဲကို နံနက်၉နာရီတွင်စိုက်ပျိုးရေးသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းမှ ဦးကျော်မင်းအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်အောင်သူဟိန်းအဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ကုလားအဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးမောင်နိုင် အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်မျိုးအောင်ဦး အဖွဲ့တို့ ဝင်ရောက်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက်မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀) အထိ အမျိုးသားအိုးစည်အတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်စိန်ဖိုလ်ထွားအဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်မင်းဟိန်းထက်အဖွဲ့၊ ရန်ကုန်တိုင်းမှ အောင်ထွန်းဦး(ခ) စိန်ထွတ်တီးအဖွဲ့၊ မောင်ဇော်မင်း(ခ) ဖိုးလပြည့်အဖွဲ့နှင့် စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးအဖွဲ့တို့ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့လိုက်အတီးပြိုင်

အခြေခံပညာအဆင့်အသက်(၁၀) နှစ်မှ (၁၅)နှစ်အထိ အမျိုးသား ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းမှမောင်ဖြိုးဝေသူအဖွဲ့နှင့်မောင်အောင်မျိုးဝင်း(ခ) အောင်ဖိုးချစ်အဖွဲ့၊ ဧရာဝတီတိုင်းမှမောင်နိုင်နိုင်အဖွဲ့၊ မန္တလေးတိုင်းမှမောင်ခွန်ဖားအဖွဲ့နှင့် မောင်ရှိုင်းအောင်အဖွဲ့၊ ပဲခူးတိုင်းမှမောင်ဇော်ဝင်းလှိုင်အဖွဲ့တို့တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသားဆိုင်း အဖွဲ့လိုက် အတီးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ပြည့်စုံအောင် အဖွဲ့နှင့် မောင်ဟိန်းမေတ္တာအဖွဲ့၊ မန္တလေးတိုင်းမှမောင်အောင်ဖိုလ်ထက် အဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ရုပ်သေးပြိုင်ပွဲယှဉ်ပြိုင်

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားရုပ်သေးပြိုင်ပွဲကို နံနက်ပိုင်းတွင် အမှတ်(၇) တည်းခိုရေးစခန်းသင်တန်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းမှ မောင်သက်နိုင်ဝင်း၊ မန္တလေးတိုင်းမှ ဦးကျော်သက်ဦး၊ ဧရာဝတီတိုင်းမှ ဦးမျိုးလွင်ဦး၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာအောင်၊ ကချင်ပြည်နယ်မှ ဦးအောင်မျိုးသူ၊ မကွေးတိုင်းမှ မောင်ရွှေသန့်မောင်၊ မန္တလေးတိုင်းမှ ဦးမင်းဆွေနှင့် ရန်ကုန်တိုင်းမှ မောင်ရဲညီညီတို့က သူငယ်တော်ရုပ်နှင့် မင်းသမီးရုပ်တို့ကို ရုပ်သေး ကြိုးဆွဲဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင်ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ရုပ်သေးပြိုင်ပွဲကို ကျင်းပရာ စစ်ကိုင်းတိုင်းမှ မခိုင်ဇာဖြိုး၊ မကွေးတိုင်းမှ မစုဦးထက်၊ ရန်ကုန်တိုင်းမှ မသီရိရတနာစိုးဟန်၊မန္တလေးတိုင်းမှ ဒေါ်ဖြိုးပပကျော်၊ ပဲခူးတိုင်းမှ မသန္တာမြင့်(ခ) ဘဲဥမ၊ ရန်ကုန်တိုင်းမှ မနှင်းငယ်ငယ်အောင်နှင့် မန္တလေးတိုင်းမှ ဒေါ်ပြုံးတင်တို့ကသူငယ်တော်ရုပ်နှင့်မင်းသမီးရုပ်တို့ကို ရုပ်သေးကြိုးဆွဲဖြင့် ပြိုင်ပွဲဝင်ကြသည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

အဆိုပါယှဉ်ပြိုင်တင်ဆက်ရာသို့ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်အုန်းမြင့်နှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ၎င်းတို့၏ ဇနီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုလေ့လာရေး အဖွဲ့ဝင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်စုံအနုပညာကို ချစ်မြတ်နိုးကြသောပြည်သူများ ကြည့်ရှုအားပေးကြသည်။

ပုံ့ပိုးတီးမှုတ်

အဆိုပါညသို့ ရုပ်စုံပညာရှင်များဖြစ်ကြသော ဦးရွှေနန်းတင်၊ ရွှေဘိုဦးတင်ဆောင်နှင့် ဦးနန်းဌေးအောင်တို့ ဦးစီးပြီး မန္တလေးတိုင်း ကိုယ်စားပြု မန်းသိင်္ဂါ ရုပ်စုံအဖွဲ့တွင် ဇာတ်ညွှန်း နန်းမြင့်ဆွေ၊ ကြိုးဆွဲနှင့်ဆိုဒိုပြောပညာရှင်များ ဖြစ်ကြသော ဦးကျော်မင်းထွေး၊ ဦးခင်မောင်ထွေးနှင့် ဒေါ်ဥမ္မာမြင့်တို့ ခေါင်းဆောင်ပြီး ဦးစိန်ဝမ်းတူးဆိုင်းအဖွဲ့က ပံ့ပိုးတီးမှုတ်ပေးကြသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်ကိုယ်စားပြုပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၀

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲကို ယမန်နေ့ည ၉ နာရီတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ မွန်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့က လူငယ်အားမာန်မိုးယံဆီသို့ ပြဇာတ်ကို ယှဉ်ပြိုင်တင်ဆက်သည်။ (အပေါ်ပုံ)

ကြည့်ရှုအားပေး

အဆိုပါ ပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် ဇနီး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများနှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်

မွန်ပြည်နယ် ကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီစဉ်ကြီးကြပ်သူ ဦးတိုင်းကျော်၊ ဒါရိုက်တာ မွန်ပြည်နယ်ကျော်၊ ဇာတ်ညွှန်း အောင်နိုင်(မွန်ပြည်နယ်)၊ ဂီတမှူး စန္ဒရားစိန်လှဝေ၊ ရွာစားစိန်အေးသန်းဆိုင်းအဖွဲ့၊ ခေါင်းဆောင်မင်းသား နေထက်၊ ခေါင်းဆောင်မင်းသမီး ဂျွန်သွယ်အောင်၊ ဇာတ်ပို့ဇာတ်ရံအဖွဲ့သားများက မွန်ပြည်နယ် ရေးမြို့နယ် ကျေးရွာတစ်ရွာမှ လူငယ်များ၏ ရပ်ကျိုး၊ ရွာကျိုး၊ တိုင်းပြည်အကျိုးအတွက် စွန့်လွှတ်စွန့်စားစိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ကြပုံများကို ပြဇာတ်အနုပညာပြည့်ဝစွာဖြင့် ယှဉ်ပြိုင်တင်ဆက်ကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **“ဒုလ္လဘနှင့်ကြုံရပြန်သော်”** တရားတော်(ဒုတိယပိုင်း) (ဆရာတော်ဘဒ္ဒန္တသောဘဏ)
၈:၀၅-၂:၀၅ ထုထည်ကြီးမားထင်ရှားကေန်မေ့ရဲ
၈:၁၅-၂:၁၅ Sunday Talk
၈:၄၅-၂:၄၅ အထူးအမှန်ကောင်းမည့် ရေလှောင်တမံ “ဖြူးချောင်း”
၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀ MTV Video Music Awards (VMA) 2008
၉:၅၀-၃:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅ Activities in the City “လယ်တီထေရုပ္ပတ္တိနှင့် ဇော်စာပေရှားပါးစာအုပ်ပြပွဲနှင့်ရောင်းပွဲ”
၁၀:၁၅-၄:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀-၄:၂၀ မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅ လေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁၀:၅၀-၄:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀ စပါးမှဆန်အသွင် မြောင်းမြခရိုင်၏ဂုဏ်အင်
၁၁:၁၀-၅:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅-၅:၁၅ Internet Directory (Biz Net Internet Cafe)
၁၁:၃၀-၅:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၄၀-၅:၄၀ ပျော်ရွှင်ရင်ခုန်စေ လှပတဲ့မန္တလာမြေ (People မဂ္ဂဇင်း၏ Miss People)
၁၂:၁၀-၆:၁၀ သွေးလွန်တုပ်ကွေးဆိုသည်မှာ (ဒေါက်တာ မင်းဆွေ၊ ဒေါက်တာ ကျော်ဇင်ဝေ)
၁၂:၃၅-၆:၃၅ Music Gallery (ရှင်ဖုန်း-ရှင်ခုန်မိသူ)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀:၅၅	Zenit-Bate	STAR SPORTS (Live)
၁:၀၀	Man Utd-Celtic	ESPN (Live)
	Juventus-Real Madrid	STAR SPORTS (Live)
၄:၀၀	Fenerbahce-Arsenal	ESPN (SDD)

ခေါင်းခါ၊ ခြေထိုး၊ လက်အချိုး၊ ကကြိုးစုံလင် ရုပ်စုံသဘင်နှင့် တီးကြ၊ ဆိုကြ၊ ယှဉ်ပြိုင်ကြသည့် မြန်မာတို့ရဲ့ မျိုးဆက်အမွေ

ဗုဒ္ဓဝင်တောထွက်ခန်း

❖ ပါရမီဆယ်ပါး　　အပြားသုံးဆယ်
မှတ်ဖွယ်ဗုဒ္ဓ　　ဇာတကတွင်
နိက္ခမမည်ဆန်း　　တောထွက်ခန်းအား
ဇာတ်လမ်းပြုကာ　　မဟာဗုဒ္ဓဝင်
ရုပ်စုံသဘင်ဖြင့်　　ယှဉ်ပြိုင်တင်ဆက်
ဇာတ်ကွက်ဇာတ်စာ　　ဇာတ်ပညာကို
ဆို ငို ပြောဟန်　　မြန်မာဂီတ
သုခုမဖြင့်　　ဆိုကစင်တင်
မဂ္ဂင်သောင်ကမ်း　　အရောက်လှမ်းမည့်
မဂ်လမ်းတော်ဝင်　　ဇာတ်သဘင်အား
သမားစဉ်မပျက်　　တင်ဆက်သည့်ခါ
လာပါ ကြည့်ပါ　　မြတ်ဗုဒ္ဓါ၏
ဒါနသီလ　　နိက္ခမမေတ္တာ
ပါရမီစုစု　　ကြည်ညိုမှုဖြင့်
ကုသိုလ်လည်းရ　　ဝမ်းလည်းဝ။

❖ ဇာတိဇရာ　　ဗျာဓိမရဏ
သံဝေရကာ　　သူနာ သူအို
သူသေ ရဟန်း　　ဥယျာဉ်နန်းမှ
ရသည့်နိမိတ်　　လေးပါးဟိတ်ကြောင့်
တိတ်ဆိတ်ထွက်ခွာ　　ယသော်ဓရာဒေဝီ
ဆောင်ခန်းဆီမှ　　ကဏ္ဍကမြင်း
စီးနင်း၍သာ　　အနော်မာသောင်ကမ်း
လျှုဒါန်းပြဟန်　　ပရိက္ခရာစုံဖြင့်
အသင့်ပြင်ကာ　　သုံးဖြာသင်္ကန်း
ဆင်မြန်းဆံပယ်　　မောင်ဆန်ပြန်လွှတ်
ကပ္ပိလဝတ်ဌာနီ　　သုဒ္ဓေါ်ပြည်သို့
ဇာတ်ပို့ ဇာတ်ဆိုင်း　　သိုင်းဝိုင်းဖြည့်ကူ
များလူရည်မှန်း　　မဂ္ဂင်လမ်း။

❖ ဇာတ်သမားပြန်　　မှတ်သားရန်တို့
ကျန်ရစေမည်　　ပါရမီစုစု
ကြည်ညိုပြုနိုင်　　ပန်းတိုင်မဂ္ဂင်
သောင်ကမ်းဝင်ရန်　　ဖွဲ့မာန်လုံ့လ
ဝီရိယရှိ　　ဇာတိဇရာ
မမြဲပါသား　　တရားအနိစ္စ
နိက္ခမဆီ　　ဦးတည်ဆင်ခြင်
သိမြင်ကြစေ　　သိကြစေ။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

ဖိုးရန်နိုင်(ကျောက်ကြီး)

အခြေခံပညာအဆင့်(၁၀-၁၅)နှစ် အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းမှ မခြူးသဥ္စာသိမ့်၏ စောင်းလက်သံမှာ ငြိမ့်ညောင်းသာယာလှသည်။

ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်ခင်ဆွေမြကြည်၏ တီးခတ်ဟန်။

အကပြိုင်

အခြေခံပညာအဆင့် (၅-၁၀)နှစ် အမျိုးသမီးအကပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မဖူးမွန်ထက်ဝင်းအောင်၏ ပျိုမျစ်သော ကကြိုးကဟန်တစ်ကွက်။

အဆိုပြိုင်

အခြေခံပညာအဆင့်(၁၀-၁၅)နှစ် အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်သိန်းအေး ဤသို့ သီဆိုယှဉ်ပြိုင်ခဲ့သည်။

ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော်

ဝါသနာရှင် ဒုတိယတန်း အမျိုးသား ရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ရဲညီညီ၏ ကြိုးဆွဲဟန်မှာ ညက်ညောသက်ဝင်လှသည်။

အတီးပြိုင်

အခြေခံပညာအဆင့်(၅-၁၀)နှစ် အမျိုးသားဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ပြည့်စုံအောင်အဖွဲ့၏ တီးမှုတ်ဟန်မှာ မြိုင်လှသည်။

ကျန်းမာရေးနှင့်နီးနွယ်သော ထောင်စုနှစ်ဖွံ့ဖြိုးရေး

ရည်မှန်းချက်ပန်းတိုင်များ ရောက်ရှိရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းချက်များ (၃)

ပါမောက္ခဒေါက်တာပိုင်စိုး

(ယမန်နေ့မှ အဆက်)

ပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်ရန်

ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်(၇)မှာ ""ပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရန်""ဖြစ်ပြီး ကျန်းမာရေးနှင့် နီးနွယ်ဆက်စပ်သည့် ညွှန်းကိန်းမှာ ""ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး လွှမ်းခြုံမှုရာနှုန်း"" ဖြစ်ပါသည်။

ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး အသွင်ဖြင့် ပြည်သူလူထုကို စည်းရုံးလှုံ့ဆော်ဆောင်ရွက်ခဲ့ရာ ၁၉၉၈ခုနှစ်မှ စတင်၍ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်း လွှမ်းခြုံမှုနှုန်းမှာ နှစ်စဉ်တိုးတက် ကောင်းမွန်ခဲ့ပါသည်။ ယင်လုံအိမ်သာ လွှမ်းခြုံမှုမှာ ၂၀၀၆ခုနှစ် ကိန်းဂဏန်းများအရ ကျေးလက်ဒေသတွင် ၇၅ဒသမ ၄ရာခိုင်နှုန်း၊ မြို့ပြဒေသတွင် ၈၇ဒသမ၁ရာခိုင်နှုန်းနှင့် တစ်နိုင်ငံလုံးတွင် ၇၈ ဒသမ ၂ရာခိုင်နှုန်း လွှမ်းခြုံမှုရှိခဲ့ပါသည်။ ၄င်းမှာ ၁၉၉၇ခုနှစ်တွင် ၄၅ရာခိုင်နှုန်းမှ ၂၀၀၆ခုနှစ်တွင် ၇၈ဒသမ၂ရာခိုင်နှုန်း တိုးမြင့်လာခြင်း ဖြစ်ပါသည်။

သန့်ရှင်းသော သောက်သုံးရေရရှိခြင်း လွှမ်းခြုံမှုနှုန်းများမှာ ၂၀၀၃ခုနှစ် စစ်တမ်းများအရ ကျေးလက်ဒေသတွင် ၇၄ဒသမ၄ရာခိုင်နှုန်း၊ မြို့ပြဒေသတွင် ၉၀ဒသမ၁ရာခိုင်နှုန်းနှင့် တစ်နိုင်ငံလုံးတွင် ၇၈ ဒသမ၈ရာခိုင်နှုန်း တိုးတက်ကောင်းမွန်နေပြီ ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်း

ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်(၈)မှာ ""ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်း""ဖြစ်ပါသည်။ ကျန်းမာရေးနှင့် နီးနွယ်သောအညွှန်းကိန်းအဖြစ် ""အဓိကဆေးဝါးများကို ပြည်သူလူထု တတ်နိုင်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် လက်လှမ်းမီရရှိနိုင်သည့်အချိုး""ကို သတ်မှတ်ပါရှိပါသည်။

လွန်ခဲ့သော ၁၀စုနှစ်ကတည်းက မြန်မာတစ်နိုင်ငံလုံးရှိ ခရိုင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံများတွင် လှည့်ပတ်ရန်ပုံငွေဖြင့် အဓိကဆေးဝါးများ ရရှိရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ခရိုင်နှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများအား လှည့်ပတ်ရန်ပုံငွေဖြင့် စိတ်ချ၍ အရည်အသွေးရှိသော၊ အာနိသင်ပြည့်ဝသော၊ ဈေးနှုန်းသက်သာ၍ တတ်နိုင်သော (Safe, quality, efficacious, low cost and affordable essential medicines) အဓိကဆေးဝါးများကို ဈေးနှုန်းသက်သာစွာ စဉ်ဆက်မပြတ်ရရှိစေရန် စီမံဆောင်ရွက်ခွင့်ပေးထားခြင်း ဖြစ်ပါသည်။ ဤလုပ်ငန်းသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အဓိကအချက်အချာကျသော အောင်မြင်မှုအညွှန်းကိန်းတစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံ အဓိကဆေးဝါးစီမံချက်၏ အဓိကရည်မှန်းချက်မှာ ကျန်းမာရေးစောင့်ရှောက်မှုပေးရာနေရာ၊ ဌာနတိုင်းတွင် စိတ်ချ၍ အရည်အသွေးရှိသော၊ အာနိသင်ပြည့်ဝသော၊ ဈေးနှုန်းသက်သာ၍ တတ်နိုင်သော အဓိကဆေးဝါးများကို ဈေးနှုန်းသက်သာစွာ စဉ်ဆက်မပြတ် ရရှိစေရန် ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးရန် လိုအပ်သော အဆောက်အအုံ၊ ပစ္စည်းကိရိယာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ကုန်ကျစရိတ်များကို နိုင်ငံတော်အစိုးရမှ တာဝန်ယူကျခံလျက်ရှိပြီး ပြည်သူလူထုမှ မိမိအတွက် လိုအပ်သော ဆေးဝါးတန်ဖိုးကိုသာ ကျခံရသည့် စရိတ်မျှပေး ကျန်းမာရေးစနစ်ကို ကျင့်သုံးနေခြင်း ဖြစ်ပါသည်။ ခရိုင်၊မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများသည် သက်ဆိုင်ရာ ခရိုင်၊မြို့နယ်ဆေးရုံကြီးကြပ်မှုကော်မတီ၏ သဘောတူခွင့်ပြုချက်ရယူ၍ ဆေးဝါးလှည့်ပတ်ရန်ပုံငွေစနစ်ဖြင့် စရိတ်မျှပေးဆေးဆိုင်ဖွင့်လှစ်ပြီး ဆေးဝါးများ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် ပြန်လည်ဖြည့်တင်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

အမျိုးသားဆေးဝါးဥပဒေကို ၁၉၉၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြင့် နယ်စပ်မှတရားမဝင် တင်သွင်းသည့် အရည်အသွေးမပြည့်မီသော ဆေးဝါးများ၊ ဆေးဝါးအတုများကို ပိတ်ပင်တားဆီးနိုင်ပြီး စိတ်ချ၍ အရည်အသွေးရှိသော၊ အာနိသင်ပြည့်ဝသော၊ ဈေးနှုန်းသက်သာ၍ တတ်နိုင်သော အဓိကဆေးဝါးများကို ပြည်သူလူထုမှ ရရှိသုံးစွဲနိုင်မည် ဖြစ်ပါသည်။

ခရိုင်နှင့်မြို့နယ်များတွင် ဆေးဝါးလှည့်ပတ်ရန်ပုံငွေဖြင့် ဆေးဆိုင်ဖွင့်လှစ်ရောင်းချသောစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရာခိုင်နှုန်း ၈၀သော ပြည်သူလူထုသည် အဓိကဆေးဝါးများကို ၄င်းတို့ တတ်နိုင်သော ဈေးနှုန်းဖြင့် စဉ်ဆက်မပြတ်ရရှိစေနိုင်မည် ဖြစ်ပါသည်။

အလားအလာကောင်းများအတွက်သက်သေ

ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီရေးကို ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများချည်းကသာ ဆောင်ရွက် အောင်မြင်နိုင်သည့် ကိစ္စရပ်များမဟုတ်ပါ။ ဌာနချင်း၊ နီးနွယ်ရာကဏ္ဍချင်း ပူးပေါင်းဆောင်ရွက်မှု (International Collaboration) နှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု (Community Involvement) တို့သည် အရေးပါသည့် သော့ချက်များဖြစ်ပါသည်။ ထို့ပြင် ကုန်ကျစရိတ် ကျဉ်းကျဉ်းဖြင့် ထိရောက်မှုများများ (Cost-effective) ဖြစ်မည့် ကျန်းမာရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်လည်း အရေးကြီးပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း၇၀ခန့်သည် ကျေးလက်နေ ပြည်သူများဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွင် ကျေးလက်ကျန်းမာရေးဌာနများသည် ရှေ့တန်းမျက်နှာစာပင် ဖြစ်ပါသည်။ မြို့နယ်ကျန်းမာရေးစနစ် ရှင်သန်ဖွံ့ဖြိုးရေးတွင်လည်း ကျေးလက်ကျန်းမာရေးဌာနများသည် အခြေခံအုတ်မြစ်ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၄၀၀ကျော် ဖွင့်လှစ်ထားပါသည်။ ကျေးလက်ဒေသပြည်သူလူထု ပူးပေါင်းပါဝင်မှုကို အထောက်အကူပြုစေရန် ကျေးရွာအဆင့်တိုင်းတွင် ကျေးလက် ကျန်းမာရေးကော်မတီများ ဖွဲ့စည်းထားပါသည်။ ကျန်းမာရေးဌာနများနှင့်အလှမ်းဝေးသည့် ကျေးရွာများတွင် လူထုကျန်းမာရေးလုပ်သား၊ အရန်သားဖွား ဆရာမစသည့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများက ပြည်သူလူထုအတွက် ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သလို ထပ်ဆင့်ညွှန်းနိုင်ရန် လေ့ကျင့်မွေးထုတ် ပေးထားပါသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရန် အခြေခိုင်ခိုင်ရှိနေကြောင်းကို ၂၀၀၈ခုနှစ် မေလအတွင်း ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ တိုက်ခတ်မွှေနှောက်သွားခဲ့သော နာဂစ်မုန်တိုင်း တိုက်ခတ်အပြီးတွင် ထင်ထင်ရှားရှား မြင်သာစေခဲ့ပါသည်။ လူအသေအပျောက်နှင့် အပျက်အစီးအဆုံးအရှုံး ကြီးမားခဲ့သော်လည်း စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်နာလန်ထူနိုင်ခဲ့ပုံမှာ နိုင်ငံတကာက အံ့အားသင့်စရာ ဖြစ်စေခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရ၏ ပီပြင်သော ဦးဆောင်မှုအောက်တွင် နိုင်ငံတစ်ဝန်းမှ မျိုးချစ်စိတ်ရှိသည့် ပြည်သူများ၏ ရိုင်းပင်းကူညီမှု၊ မုန်တိုင်းဒဏ်ခံ ဒေသခံပြည်သူများ၏ ခိုင်မာကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် ပြန်လည်ရုန်းထနိုင်မှုတို့သည် တိုတောင်းသောအချိန်အတွင်း မုန်တိုင်းဒဏ်ခံဒေသများ၏ ပုံရိပ်များကို ဖွံ့ဖြိုးတိုးတက်မှုဘက်သို့ ဦးတည်စေခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများသို့ ၂၀၀၈ခုနှစ် မေလ အတွင်း သွားရောက်သည့်ခရီးစဉ်တွင် လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေး ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်(၃)ဆင့်ကို လမ်းညွှန်ပြရာတွင်-

""နိုင်ငံတော်အနေဖြင့်မုန်တိုင်းကျရောက်သည်နှင့် တစ်ပြိုင်နက် နှောင့်နှေးခြင်းမရှိဘဲ လေဘေးသင့်ဒေသများနှင့်စပ်လျဉ်း၍ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်အတွက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းစဉ်(၃)ဆင့်ကို ဦးစားပေးအဆင့်အလိုက် စနစ်တကျဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ နိုင်ငံတော်မှ ဘဏ္ဍာငွေ ဘီလီယံ ကျပ် ၅၀ကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း။""

""ပထမဦးဆုံးအနေဖြင့် လေဘေးသင့်ပြည်သူများ၏ လတ်တလောလိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေး၊ ဆေးဝါးကုသရေး စသည့် ချက်ချင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို စတင် ဆောင်ရွက်ပေးခဲ့ကြောင်း။""

""ကယ်ဆယ်ရေးလုပ်ငန်းများ အတော်အသင့် ဖြည့်ဆည်းပေးနိုင်သည့်အခြေအနေတွင် ဒုတိယအဆင့်အနေဖြင့် ပျက်စီးသွားသော ကျေးရွာများပြန်လည်တည်ဆောက်ပေးရေး၊ ယာယီလူနေ အဆောက်အအုံများတွင် ဒေသခံများ ပြန်လည်နေထိုင်နိုင်ရေး၊ လမ်း၊ တံတား၊ ဆက်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ကောင်းမွန်ရေး၊ ကျေးရွာအုပ်စုများအလိုက် ယာယီကျန်းမာရေးစခန်းများ ဖွင့်လှစ်ပေးရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး စသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။""

""တစ်ဆက်တည်းမှာပင် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်အောင် လယ်ယာမြေပြုပြင်မှု၊ ကျွဲ၊ နွားနှင့် လယ်ထွန်စက်ငယ်များ ပံ့ပိုးပေးမှု၊ ပဲ့ထောင်လှေများ၊ ငါးဖမ်းပိုက်များ ဖြည့်ဆည်းပေးမှု လုပ်ငန်းများကို စတင်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။""

""တတိယအဆင့်အနေဖြင့် နောင်ကာလများတွင် သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်မည့် ရေလွှတ်ကုန်းမြင့်များ၊ ရေတား လေတားသစ်ပင်များ တည်ဆောက်စိုက်ပျိုးရေးတို့အပြင် ကျေးရွာချင်းဆက်လမ်းများကို ရေလွှတ်အောင် လမ်းအမြင့်များ ပြန်လည်တည်ဆောက်ပေးရေးတို့ကို စီမံဆောင်ရွက်ဖို့လိုကြောင်း"" မိန့်ကြားခဲ့ပါသည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မည့် ကြိုတင်ခန့်မှန်းချက်ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်ကြေညာပြီးသည်နှင့် ကျန်းမာရေးဝန်ကြီးဌာနသည် ၁-၅-၂၀၀၈ရက်နေ့မှ စတင်ကာ လေမုန်တိုင်းဖြတ်သန်းမည့် ဒေသများသို့ ဦးစားပေး၍ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားရန် ညွှန်ကြားခဲ့ပါသည်။ အရေးပေါ်ဆေးဝါးများလည်း ကြိုတင်ပေးပို့ထားခဲ့ပါသည်။ လေမုန်တိုင်း တိုက်ခတ်ဖြတ်သန်းပြီး ၃-၅-၂၀၀၈ ရက်နေ့တွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏လမ်းညွှန်ကွပ်ကဲမှုဖြင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ရန်ကုန်မြို့သို့ သွားရောက်ကာ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့ပါသည်။

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးဒုက္ခသည်များကို ဆေးဝါးကုသမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးရန်အလို့ငှာ ခွဲစိတ်ကုဆရာဝန်၊ သမားတော်၊ ကလေးအထူးကုဆရာဝန်၊ မေ့ဆေးဆရာဝန်၊ အရိုးအထူးကု ဆရာဝန်၊ စိတ်ရောဂါအထူးကုဆရာဝန် အစရှိသည့် အထူးကုဆရာဝန်များ၊လက်ထောက်ဆရာဝန်များ စေလွှတ်ပေးခဲ့ပါသည်။ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ""သင်္ဘောရေယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လုပ်ငန်း""ကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကိုလည်း ဆေးဝါးကုသရေးလုပ်ငန်းများနှင့် ဟန်ချက်ညီညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ကျန်းမာရေးပညာပေးခြင်း၊ ရေကောင်းရေသန့် ရရှိရေးနှင့်ပတ်သက်၍ သောက်ရေသန့်ကန်များအား bleaching powder ခတ်ခြင်း၊ အိမ်ထောင်စုသောက်ရေအိုးများတွင် water guard tablet ဆေးပြားများ ခတ်ခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်းအတွက် ပညာပေးဆောင်ရွက်ခြင်း၊ သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်ခြင်း၊ အညစ်အကြေးများအပေါ် ထုံးဖြူးခြင်း၊ ခြင်၊ယင်များ မပေါက်ပွားစေရန် ဆေးမှုတ်ခြင်း၊ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ဗီတာမင်အေ၊ ဘီ၊စီနှင့် သံဓာတ်ဆေးဝါးများ တိုက်ကျွေးခြင်းစသည့် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါသည်။

ဤသို့ ဆေးဝါးကုသရေးလုပ်ငန်းများ ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ကျန်းမာရေးဝန်ထမ်းများက အင်တိုက်အားတိုက် စိတ်စေတနာအပြည့်ဖြင့် တာဝန်ထမ်းခဲ့ကြခြင်းမှာ ဌာနတွင်း ပူးပေါင်းဆောင်ရွက်မှု (Intersectoral Collaboration) သည် ကျန်းမာရေးဝန်ကြီးဌာန၏ ပဲ့ကိုင်ဦးဆောင်မှုအောက်တွင် ပီပီပြင်ပြင်ရှိနေကြောင်း ပုံဖော်ပေးပါသည်။

ထို့ပြင် ဒေသတွင်းရှိ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကျန်းမာရေးနှင့် နီးနွယ်ပတ်သက်ရာ ဌာနဆိုင်ရာများနှင့်လည်း ဟန်ချက်ညီညီ လက်တွဲ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ဌာနချင်းပူးပေါင်း ဆောင်ရွက်မှု (Intersectoral Collaboration) ထိထိမိမိရှိကြောင်း ရုပ်လုံးဖော်ပြနိုင်ခဲ့ပါသည်။

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မုန်တိုင်းကျရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်များ၏ ဝိုင်းဝန်းတည်ဆောက် လှူဒါန်းပေးသောကျေးရွာနေ အိမ်ထောင်စုတစ်ခုချင်းအတွက် သန့်ရှင်းသပ်ရပ် စနစ်ကျသောရွာလမ်းများနှင့်ပျဉ်ထောင်အိမ်ကလေးများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ ရေလုပ်သားတို့အတွက် စက်တပ်လှေများ၊ ပိုက်ကွန်များ၊ လယ်သမားများအတွက် လက်တွန်းထွန်စက်များ၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ စသည်တို့သည် မုန်တိုင်းဒဏ်ခံခဲ့ကြရသော ပြည်သူများအတွက် စားဝတ်နေရေး ဖူလုံစေရုံသာမက အသက်မွေးဝမ်းကျောင်းအတွက်ပါ များစွာအထောက်အကူ ပြုစေပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီတိုင်းအတွင်း အသစ် ဖောက်လုပ်လျက်ရှိသော ကွန်ရက်သဖွယ်လမ်းမကြီးများသည်လည်း ပြည်သူများအတွက် စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့အတွက် ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်သည်သာမက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက်ပါ ထိရောက်လျင်မြန်လာစေပါသည်။ အဆိုပါ အသစ်ဖောက်လုပ်လျက်ရှိ ကွန်ရက်သဖွယ် လမ်းမကြီးများသည် မုန်တိုင်းအတွက် နားခိုစရာနေရာများအဖြစ်လည်း အသုံးဝင်ပါသည်။ ဧရာဝတီတိုင်းအတွင်း မုန်တိုင်းဒဏ်ခံရသော ဖျာပုံခရိုင်ဆေးရုံကို ခုတင်၁၀၀ ဆံ့ ဆေးရုံမှ ခုတင်၂၀၀ဆံ့ ဆေးရုံအဖြစ်လည်းကောင်း၊ လပွတ္တာခရိုင်ဆေးရုံကို ခုတင် ၁၀၀ဆံ့ ဆေးရုံမှ ခုတင် ၂၀၀ဆံ့ ဆေးရုံအဖြစ် လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် ဆေးရုံကို ခုတင် ၅၀ဆံ့ ဆေးရုံမှ ခုတင် ၁၀၀ဆံ့ ဆေးရုံအဖြစ်လည်းကောင်း၊ ဘိုကလေးမြို့နယ်ဆေးရုံကို ခုတင် ၅၀ဆံ့ ဆေးရုံမှ ခုတင် ၁၀၀ဆံ့ ဆေးရုံအဖြစ်လည်းကောင်း၊ ပန်းတနော်၊ ဓနုဖြူနှင့် အိမ်မဲမြို့နယ်ဆေးရုံတို့ကို ၁၆ခုတင်ဆံ့ ဆေးရုံမှ ၂၅ခုတင်ဆံ့ ဆေးရုံအဖြစ်လည်းကောင်း အဆင့်မြှင့်ပေးလိုက်ပါသည်။ ထို့အပြင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ကရင်ချောင်း စံပြကျေးရွာတွင် တိုက်နယ်ဆေးရုံသစ်တစ်ခု ဖွင့်လှစ်ပေးခဲ့ပါသည်။

နာဂစ်မုန်တိုင်း ကျရောက်ပြီး ဆန်းစစ်မှုများ ပြုလုပ်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အာဆီယံနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ ပါဝင်သော ပူးပေါင်းအဖွဲ့ (Post-Nargis Joint Assessment PON JA) ၏ အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

""မုန်တိုင်းမကျရောက်မီက ၈၀ ရာခိုင်နှုန်း ကျေးရွာနေ ပြည်သူတို့သည် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့်နေရာသို့ သွားရောက်ရန် နာရီဝက်၊ တစ်နာရီခန့် ကြာမြင့်ခဲ့ပါသည်။ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းက Build Back Better (မြေအုတ်တို့ ပြိုလဲရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်အံ့)ဟူသော ဆောင်ပုဒ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အာဏာပိုင်အဖွဲ့အစည်း အသီးသီးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် အခြားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအဝဝကို စဉ်ဆက်မပြတ် ဝိုင်းဝန်းဖြေရှင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအဖွဲ့အစည်း အသီးသီးတို့သည် ပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက် အကောင်အထည်ဖော်ခြင်းဖြင့် အကြားအလပ်မရှိ ထောင့်စေ့အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ မုန်တိုင်းဒဏ်ခံရပြီး ၁၂ လအကြာတွင် မူလကရှိခဲ့သော အခြေအနေထက် သာလွန်ကောင်းမွန်သော အခြေအနေများ၊ စက်ပစ္စည်း ကိရိယာများ၊ ဆေးဝါးများ၊ စားနပ်ရိက္ခာများ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ပျက်စီးသွားသော ဆေးရုံများနေရာတွင် ပိုမိုကောင်းမွန်သော စက်ကိရိယာပစ္စည်းသစ်များဖြင့် ပြည့်စုံသော ဆေးရုံအသစ်များ အစားထိုးနိုင်မည်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။""

နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု (Community Involvement) သည်လည်း အရေးပါကြောင်း ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသောဒေသများအတွင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ၊ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများတွင် ပြည်သူများက နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့ကြသဖြင့် သဘာဝဘေးကျရောက်လာပြီး ဖြစ်ပွားလေ့ရှိသောမည်သည့်ကပ်ရောဂါမျှ ကျရောက်ခဲ့မှုမရှိခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီအောင်မြင်ရေးအတွက် ရှိသမျှစွမ်းအားကို အပြည့်ဝဆုံး အသုံးချဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအတွက် အောင်မြင်မည့် အလားအလာကောင်းများ မြေကြီးလက်ခတ်မလွဲ ရှိနေပါကြောင်းကို နာဂစ်မုန်တိုင်းဒဏ် ခံရအပြီး ဆောလျင်စွာ နာလန်ပြန်ထူလာနိုင်သော ဒေသများ၏ အခြေအနေများက ညွှန်းပြနေပါသည်။ ။

● *ကျောဖုံးမှ*

စာရေးသူတို့အဖွဲ့သည် ဖွံ့ဖြိုးတိုးတက် စည်ပင်လာသော ကြက်လျှာစံပြကျေးရွာ၏ မြင်ကွင်းများကို ကွင်းဆင်းလေ့လာကြည့်ရှုရန် အောက်တိုဘာ၁၂ရက် နံနက် ၆နာရီတွင် မော်လမြိုင်ကျွန်းမြို့ အသင့် ရေယာဉ်ဆိပ်ကမ်းတံတားမှ ပွဲထောင်ရေယာဉ်ဖြင့် ထွက်ခွာခဲ့သည်။ ကြက်လျှာကျေးရွာကား မော်လမြိုင်ကျွန်းမြို့၏အောက်ဘက် ပင်လယ်ရေကြောင်းလမ်းနှင့် ထိစပ်နေသော ကျေးရွာဖြစ်သည်။ လမ်းခရီးတွင် မြင်းကကုန်း၊ ဂုံညင်းတန်း၊ ကျုံလမုကြီး၊ ကျွန်းချောင်းနှင့် ကျားဟုန်းကျေးရွာများကို ဖြတ်ကျော်ပြီးမှ ကြက်လျှာစံပြကျေးရွာသို့ ရောက်ရှိသည်။

ကျားဟုန်းကျေးရွာကျော်လွန်သောအခါ မြစ်မှာ အနည်းငယ်ကျယ်လာသည်။ ရေမှာ အနည်းငယ် လှိုင်းထန်လာသည်။ ရေပြင်လွှာပေါ်တွင် လှိုင်းကြက်ခွပ်ကလေးများ ထနေသည်။ မကြာလိုက်ပါ၊ ကြက်လျှာကို အဝေးမှ လှမ်းမြင်နေရသည်။ သွပ်မိုးဖွေးဖွေးကလေးများနှင့် နေအိမ်တန်းများကို အစီအရီမြင်တွေ့နေရသည်။

ကြည်လင်တောက်ပ

ထိုနေ့က ထွန်းသစ်စနေရောင်ခြည်သည် ကြက်လျှာစံပြကျေးရွာတစ်ခုလုံးကို ဖျန်းပက်ထားသဖြင့် မြင်ကွင်းများ ကြည်လင်တောက်ပနေသည်။ ကြက်လျှာမြစ်ပြင်ကျယ်မှ ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကလေးများ၏ အထိအတွေ့ကြောင့် အေးမြမှုအရသာကို ခံစားမိကြသည်။

ကြက်လျှာစံပြကျေးရွာကို လွန်ခဲ့သော နှစ်ပေါင်း၁၀၀ ကျော်က စတင်တည်ဆောက်ခဲ့ကြောင်း၊ ကြက်လျှာကျေးရွာဟု အမည်ဖြစ်ပေါ်လာပုံမှာ ကြက်လျှာကျေးရွာကို ကနစိုချောင်းကြီး ကျေးရွာအဝမှ လှမ်းကြည့်လျှင် ထောင့်ချွန်းပုံသဏ္ဍာန်ပေါ်နေသဖြင့် ကြက်လျှာချွန်းဟု အမည်ခေါ်တွင်ရာမှ ကာလအတန်ကြာသောအခါ ကြက်လျှာကျေးရွာဟု နာမည်တွင်လာခြင်းဖြစ်ကြောင်း ဒေသခံများက ပြောပြသည်။

နံနက်၈နာရီကျော်တွင် စာရေးသူတို့အဖွဲ့ ကြက်လျှာစံပြကျေးရွာသို့ ရောက်ရှိကြသည်။ ကြက်လျှာစံပြကျေးရွာ၏ တည်ဆောက်ပုံမှာ မြင်ကွင်းရှင်း၍ သေသပ်လှသည်။ ကြက်လျှာစံပြကျေးရွာသို့ လှမ်းဝင်လိုက်သောအခါ ကျေးလက်အိမ်ရာများကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ လှူဒါန်းသည်ဟူသည့်ဆိုင်းဘုတ်နှင့် လမ်းအဝင် ယာဘက်ခြမ်းတွင် T-Z-T-M ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်သည်ဟူသော ဆိုင်းဘုတ်တို့ကို တွေ့ရသည်။

အပြိုင်အဆိုင်

ထို့အတူ ကျေးရွာအဝင် ယာဘက်ခြမ်းတွင် ဘောလုံးအားကစားကွင်း၊ ဘော်လီဘောကွင်းနှင့် ပိုက်ကျော်ခြင်းအားကစားကွင်းများကိုလည်း တွေ့မြင်ရသည်။ ကြက်လျှာရွာသားတို့သည် နံနက်ပိုင်း အားကစားပွဲအဖြစ် ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းတို့ကို တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် ကစားနေကြသည်ကို တွေ့မြင်ခဲ့ရသည်။

စာရေးသူမှာ ရွာဝင်လမ်းမအတိုင်း လျှောက်လာရာ ပထမဦးဆုံး တွေ့မြင်လိုက်ရသောမြင်ကွင်းမှာ အလင်းရောင်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ပင်ဖြစ်သည်။ ကြက်လျှာကျေးရွာသူ ကျေးရွာသားများသည် အားလပ်ချိန်တွင် အနားမပေးဘဲ အလင်းရောင်စာကြည့်တိုက်သို့ လာရောက်ကြပြီး ဗဟုသုတဖြစ်ဖွယ် စာအုပ်စာစောင်များ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများကို လာရောက်ဖတ်ရှုနေကြသည်။ အလင်းရောင် ကျေးလက်စာကြည့်တိုက်သည်ကား ကြက်လျှာစံပြကျေးရွာ၏ ပညာဘဏ်တိုက် စာကြည့်တိုက်ပင်ဖြစ်ပေသည်။

ထို့ပြင် ကြက်လျှာစံပြကျေးရွာဆေးခန်းကိုလည်း တွေ့မြင်ခဲ့ရသည်။ ကျေးလက်ပြည်သူများ၏ ကျန်းမာရေးအတွက် စောင့်ရှောက်ကုသပေးလျက်ရှိနေပေသည်။

ကျေးရွာလုံးကျွတ်

ကြက်လျှာစံပြကျေးရွာ၏ လမ်းများမှာ အကျယ်ရှစ်ပေ၊ အမြင့်သုံးပေရှိသည်။ လမ်းများတွင် လမ်းညွှန်ဆိုင်းဘုတ်များရှိသည်။ နေအိမ်များမှာ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်များဖြစ်ပြီး နေအိမ်တိုင်းတွင် ယင်လုံအိမ်သာကို ကျေးရွာလုံးကျွတ် ဆောက်လုပ်ထားကြောင်း သိရှိခဲ့ရသည်။

ကြက်လျှာစံပြကျေးရွာ၏ ကျေးရွာတည်ဆောက်ပုံမြင်ကွင်းမှာ တစ်မူထူးခြားနေသည်။ အခြားကျေးရွာများနှင့်မတူ အိမ်ရာကွက်ဖော်ထားမှုမှာ စနစ်ကျလှသည်။ အိမ်ရာဆောက်လုပ်မှုမှာ ညီညာစီတန်းနေသည်။ သန့်ရှင်းသပ်ရပ်နေသည်။ ရွာလမ်းဘေး ဝဲယာတို့၌ အရိပ်ရ လေကာပင်များ စိုက်ပျိုးထားပြီး နေအိမ်ခြံဝင်းအတွင်း အနောက်ဘက်တွင် ဆယ်မျိုးဆယ်ပေါင်အဖြစ် စားသုံးပင်၊ ဟင်းသီးဟင်းရွက်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားသဖြင့် မိသားစု မီးဖိုချောင်စရိတ် ကာမိကြပေတော့မည်။

ဝမ်းသာစရာ

အထူးသဖြင့် ကြက်လျှာစံပြကျေးရွာအတွက် အရေးကြီးဆုံးမှာ ရေဖြစ်သည်။ ရေအတွက် ပူပင်စရာမလိုအောင် စီစဉ်ထားသည့် စည်ပင်သာယာရေးဦးစီးဌာနက ခေတ်မီဆိုလာပြားအသုံးပြုသော လေးလက်မ အဝီစိစက်ရေတွင်း တူးဖော်ထားသည်။ ယင်းမှ ထွက်ရှိသောရေကို WEG ကုမ္ပဏီမှ လှူဒါန်းထားသော ရေသန့်စက်ဖြင့် သန့်ရှင်းသောသောက်ရေကို ရရှိနေပြီဖြစ်ရာ ကြက်လျှာကျေးရွာသူ ကျေးရွာသားများ စိတ်ချမ်းမြေ့စွာ အလုံအလောက် ခပ်ယူသုံးစွဲနေကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ဤဒေသတွင် သန့်ရှင်းသော သောက်သုံးရေအတွက် ပူပင်စရာမလိုအောင် ဖြည့်ဆည်းနိုင်ခြင်းသည်ပင်လျှင် ဝမ်းသာစရာမင်္ဂလာသတင်းဖြစ်ပါသည်။

ကြက်လျှာစံပြကျေးရွာတွင် အရေးကြီးသောလုပ်ငန်းတစ်ခုမှာ လျှပ်စစ်မီးပင်ဖြစ်သည်။ စာရေးသူ ရောက်ရှိသွားချိန်တွင် ကြက်လျှာလမ်းမများ၌ လျှပ်စစ်မီးတိုင်များ စိုက်ထူပြီးစီးနေပြီး မကြာမီပင် ၁၂၃သမ၅ KVA ဓာတ်အားပေးစက်ဖြင့် ကြက်လျှာစံပြကျေးရွာတစ်ရွာလုံးကို လျှပ်စစ်မီးပေးနိုင်မည်ဖြစ်သည်။

မော်လမြိုင်ကျွန်း ကြက်လျှာစံပြကျေးရွာ၏ လမ်းများမှာ ရှင်းသန့်၍ သပ်ရပ်လှသည်။

ကြက်လျှာစံပြကျေးရွာတွင် ရေအတွက် ပူပင်စရာမလိုအောင် ခေတ်မီဆိုလာပြား အသုံးပြု၍ ရေပေးဝေရေး စီစဉ်ဆောင်ရွက်ထားရှိမှု။

စိတ်ချမ်းမြေ့

ကြက်လျှာစံပြကျေးရွာကား နေချင်စဖွယ်ပင်။ ကျေးလက်အိမ်ရာကွက်ကို အတန်းလိုက်ဆောက်လုပ်ထားပြီး အိမ်ရာတစ်တန်းလျှင် အိမ်အလုံး ၃၀စီ ဆောက်လုပ်ထားသည်။ နေအိမ်များ၌ တစ်ပိုင်တစ်နိုင် ဈေးဆိုင်ငယ်များ၊ လက်ဖက်ရည်ဆိုင်၊ ထမင်းကြော်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ ကွမ်းယာဆိုင်များ ဖွင့်လှစ်ရောင်းချနေပြီဖြစ်၍ အတော်ပင် စည်ကားစိုပြည်နေပြီဖြစ်ရာ နေအိမ်များတွင် စိတ်ချမ်းမြေ့စွာ နေထိုင်လျက်ရှိသော ကြက်လျှာစံပြ ကျေးရွာသူ ကျေးရွာသားများကို တွေ့မြင်ခဲ့ရပါသည်။

မုန်တိုင်း မကျရောက်မီက ကြက်လျှာကျေးရွာသို့ စာရေးသူ အကြိမ်ကြိမ်ရောက်ခဲ့ဖူးသည်။ ကြက်လျှာကျေးရွာ၌ ကမ်းနားလမ်း တစ်လမ်းသာရှိခဲ့ပြီး အိမ်ကြီး အိမ်ကောင်း သိပ်မရှိလှ၊ အများစုမှာ ဓနိမိုး၊ ထရံကာ နေအိမ်များသာဖြစ်သည်။ ရေလုပ်ငန်းအဓိကလုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်ပေသည်။

ယခုတော့ ကြက်လျှာကျေးရွာသည် ဤသို့ မဟုတ်ပြီ။ ကြက်လျှာကျေးရွာသည် စံပြကျေးရွာဖြစ်နေပြီ။ ကြက်လျှာစံပြကျေးရွာကို ကျေးရွာများအား စုစည်း၍ ကျေးလက်အိမ်ရာ စုပေါင်းထူထောင်ခဲ့ကြခြင်းဖြစ်ပေသည်။ တစ်နည်းဆိုလျှင် စုစည်းညီညွတ်မှု၊ စုပေါင်းစွမ်းအားကို ကျေးရွာပုံသဏ္ဍာန်ဖြင့် ဖော်ထုတ်ပြသခြင်းဖြစ်ပေသည်။

နိုင်ငံတော်ရဲ့ကျေးဇူး

စာရေးသူသည် အချိန်ရခိုက် ကြက်လျှာစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ **"ကျွန်တော်တို့ ကြက်လျှာကျေးရွာကတော့ အသွင်ပြောင်းလဲသွားပါပြီ၊ လူနေမှုအခြေ မြင့်သွားပါပြီ၊ ဓနိမိုး ထရံကာ နေအိမ်အဆင့်ကနေ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်နဲ့ နေထိုင်ရတော့ အတော့်ကို အဆင်ပြေသွားပါပြီ၊ နေဖို့အတွက် ဘာမှပူစရာမလိုတော့ပါဘူး၊ ဒါတွေအားလုံးက နိုင်ငံတော်ရဲ့ ကျေးဇူးပါပဲ"** ဟု ပြောပြသည်။

ထို့နောက် ကြက်လျှာစံပြကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် လက်ထောက်စာကြည့်တိုက်မှူး ဦးအောင်မြင်နှင့် တွေ့ဆုံရာ **"ကျွန်တော်က စာပေဝါသနာပါတော့ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခွင့်ရသွားလို့ ဝမ်းသာမိပါတယ်၊ ကြက်လျှာက စံပြကျေးရွာဖြစ်သွားတော့ စံပြအင်္ဂါရပ်နဲ့ညီညွတ်အောင် အမြဲတမ်းကြိုးပမ်းသွားကြဖို့လိုပါတယ်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ပြဖို့ လိုအပ်ပါကြောင်း"** အားပါးတရ ရှင်းလင်းပြောပြသွားသည်။

ခိုလှုံနေထိုင်

ထို့ပြင် ကြက်လျှာစံပြကျေးရွာ မူလတန်းကျောင်းကို အလျား ပေ၆၀၊ အနံ ပေ၃၀၊ ကွန်ကရစ်အာရ်စီအမိုးဖြင့် တည်ဆောက်နေပြီဖြစ်ရာ အကယ်၍ သဘာဝဘေးကျရောက်လာပါက မူလတန်းကျောင်းသူ ကျောင်းသားတို့သည် ကွန်ကရစ် အာရ်စီ အမိုးပေါ်တက်ရောက်ခိုလှုံ နေထိုင်ကြမည်ဖြစ်သည်။

စာရေးသူမှာ မြင်ကွင်းစုံကို တွေ့မြင်လိုသဖြင့် ကျေးရွာအရှေ့ဘက်သို့ လျှောက်လှမ်းခဲ့ရာ ကြက်လျှာဘုန်းတော်ကြီးကျောင်းကို အခိုင်အမာ အုတ်တစ်ထပ်ကျောင်းအဖြစ် တည်ဆောက်နေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ကြက်လျှာကျေးရွာကို ဘက်စုံထောင့်စုံပင် တည်ဆောက်လျက်ရှိနေပေသည်။

အလားတူပင် သဘာဝဘေးမှ ကြိုတင်ကာကွယ်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် ကြက်လျှာစံပြကျေးရွာ တစ်ရွာလုံးအား ပေ၂၀အမြင့် တာပတ်ထားသည့်အပြင် ရေတံခါး သုံးခုကိုပါ ထည့်သွင်းတည်ဆောက်ထားသောကြောင့် သဘာဝဘေးကျရောက်ပါက ကြိုတင်ကာကွယ်နိုင်မည့်အပြင် ရေတံခါးများကို ရေတက်လာလျှင် ပိတ်ထားမည်ဖြစ်၍ ကြိုတင်တားဆီး ကာကွယ်နိုင်တော့မည်ဖြစ်သည်။

ညနေ၄နာရီတွင် ကြက်လျှာစံပြကျေးရွာမှ ပွဲထောင်ရေယာဉ်ပြန်လည်ထွက်ခွာခဲ့သည်။ တစ်နေ့လုံး မင်းမူကြီးစိုးခဲ့သော နေပူအရှိန်သည် ယခုတော့ အားမာန်ကို လျှော့ချစပြုနေလေပြီ။ ကြက်လျှာကျေးရွာ အဝေး၌ ကျန်ရစ်ခဲ့ပြီဖြစ်သော်လည်း ကြက်လျှာကျေးရွာ၏ မြင်ကွင်းများကား စာရေးသူ၏ အာရုံထဲမှ ပျောက်ကွယ်မသွားသေး၊ ထင်ထင်ရှားရှား ပီပီပြင်ပြင်ပင် မြင်ယောင်နေမိပါတော့သည်။ ။

ကြက်လျှာစံပြကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်တွင် ပြည်သူများ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ ဖတ်ရှုနေကြစဉ်။

ကြက်လျှာကျေးရွာကတော့ အသွင်ပြောင်းလဲသွားပါပြီ၊ လူနေမှု အခြေမြင့်သွားပါပြီ၊ ဓနိမိုး၊ ထရံကာ နေအိမ်အဆင့်ကနေ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်နဲ့ နေထိုင်ရတော့ အတော့်ကို အဆင်ပြေသွားပါပြီ၊ နေဖို့ အတွက် ဘာမှပူစရာမလိုတော့ပါဘူး၊ ဒါတွေအားလုံးက နိုင်ငံတော်ရဲ့ ကျေးဇူးပါ။

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာစံပြကျေးရွာ လူနေအိမ်များ၏ နောက်ဘက်တွင် စိုက်ပျိုးထားသော ဆယ်မျိုး ဆယ်ပေါင် စိုက်ခင်းတစ်နေရာ ....။

အင်္ဂလန်ကလပ်တွေ ပွဲကျပ်တွေထဲရုန်းထွက်ဖို့ကြိုးစားရပြီ ချန်ပီယံလိဂ် အုပ်စုအဆင့် ပွဲစဉ်(၃) ပွဲကြို

ချန်ပီယံလိဂ်အကြို - ထွန်းထွန်းဦး(လှိုင်) စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၀

အောက်တိုဘာ ၂၃ရက်မှာ ကစားမယ့် ချန်ပီယံလိဂ်အုပ်စုအဆင့် ပြိုင်ပွဲတွေကတော့ အားပေးကြမယ့်ပရိသတ်တွေအတွက် စိတ်ကျေနပ်စရာကောင်းပါလိမ့်မယ်။ ပထမနေ့ကထက် ယှဉ်ပြိုင်ပွဲတွေအကြိတ်အနယ်နဲ့ ကြည့်ကောင်းဖို့လည်းရှိနေတယ်။ အက်သလက်တီကိုနဲ့ လီဗာပူး၊ ချယ်လ်ဆီးနဲ့ ရိုးမားပွဲတွေဟာ အနိုင်နဲ့ အရှုံးကွဲပြားအောင် ရုန်းကန်ရမယ့်ပွဲတွေဖြစ်နေတယ်။ ပြီးတော့ အင်တာမီလန်နဲ့ အနော်သိုးဆစ်ပွဲကလည်း ဘာတွေဘယ်လိုဖြစ်လာမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဘာစီလိုနာနဲ့ ဝါဒါဘရီမင်တို့လို အသင်းကြီးတွေအနေနဲ့ကတော့ ပြိုင်ဘက်တွေရဲ့မြေမှာ ကစားဖို့ရှိနေတာကြောင့် အနိုင်(သုံး)သုံးမှတ်ရဖို့ဆိုတာ လွယ်နေမလား၊ ခက်နေမလား။

အုပ်စု(က)

ချယ်လ်ဆီး-ရိုးမား

ဒဏ်ရာရနေတဲ့ ကစားသမားတွေများနေတယ်လို့ ချယ်လ်ဆီးနည်းပြ စကိုလာရီက ထုတ်ပြောပေမယ့် ဒါဟာ သံသယဖြစ်ဖွယ်ကောင်းတဲ့ လှည့်စားမှုတစ်ခုပါပဲ။ ကစားသမားကောင်းတွေ နှစ်သင်းစာမကရှိနေတဲ့ ချယ်လ်ဆီးဟာ တယ်ရီ၊ ဒေကို၊ ဘောလက်နဲ့ လမ်းပတ် မပါနိုင်ခဲ့ရင်တောင် ကျန်တဲ့သူတွေနဲ့ ရှေ့ဆက်နိုင်တယ်။ ပီတာဆက်ချ်၊ ဂျိုးကိုးလ်တို့ ပါဝင်ကစားဖို့ မသေချာလည်း အရန်လူတွေထဲက ကစားသမားတွေရှိသေးတယ်။ တိုက်စစ်မှာတော့ ဒရော့ဘာ၊ အနယ်လ်ကာနဲ့ မာလူဒါတို့ ကျန်နေသေးတယ်။ အိမ်ကွင်းက အားသာချက်ရှိနေတော့ ရိုးမားကို ဖိအားပေးကစားမှာပါ။ ရိုးမားဟာ အင်္ဂလန်မြေမှာ အခြေအနေကောင်းအောင် ကစားနိုင်စွမ်းရှိပေမယ့် ချယ်လ်ဆီးလို အသင်းအပေါ်မှာ မလွယ်လှဘူး။ ချယ်လ်ဆီးပဲ နိုင်သွားပါလိမ့်မယ်။ ခြေတော့သိပ်မကွာနိုင်ပါဘူး။

ဘော်ဒိုး-ကလူ့ချ်

ရိုမေးနီးယားကလပ်ဖြစ်တဲ့ ကလူ့ချ်ဟာ ကစားပုံမာကျောတာကြောင့် ဘော်ဒိုးလို အိမ်ရှင်အနေနဲ့ ကိုယ့်မြေပေါ်မှာ အခွင့်အရေးကောင်းတစ်ခုကို ဖမ်းဆုပ်ကိုင်နိုင်ပါ့မလား။ ဘော်ဒိုးမှာ ကစားသမားကောင်းတွေလည်း ရှိနေတော့ အသင်းကြီးတွေအပေါ်မှာ ဖိအားပေးကစားလာတဲ့ ကလူ့ချ်ရဲ့ ဗျူဟာတွေကို ချေဖျက်ဖို့လုပ်လိမ့်မယ်။ ကလူ့ချ်အနေနဲ့ကတော့ ဘော်ဒိုးကို တန်ပြန်တိုက်စစ်နဲ့သာ ကစားဖို့လုပ်မှာဖြစ်တယ်။ ဒါကို ဘော်ဒိုး ထိန်းချုပ်နိုင်ခဲ့ပြီဆိုရင် ကလူ့ချ်ကို ချယ်လ်ဆီး ကစားပြသွားသလိုပဲ ကစားနိုင်ဖို့ရှိနေပါလိမ့်မယ်။ ဘော်ဒိုးအနေနဲ့ အခုပွဲမှာ ကလူ့ချ်ကို ကပ်ပြီး အသာရသွားပါလိမ့်မယ်။

အုပ်စု(ခ)

ပါနာသီနိုင်းကော့စ်-ဝါဒါဘရီမင်

နိုင်ပွဲမရသေးတဲ့ အိမ်ရှင်ဟာ အသင်းကြီးတစ်သင်းဖြစ်တဲ့ ဝါဒါဘရီမင်နဲ့ ဆုံတဲ့ပွဲမှာ ဖောင်ဖျက်ယှဉ်ပြိုင်ဖို့ ရှိနေပါတယ်။ ဝါဒါဘရီမင်ရဲ့ ကစားအားဟာ ပါနာသီနိုင်းကော့စ်ရဲ့ ရုန်းအားထက်ကောင်းတယ်။ ဒါကြောင့် အုပ်စုတွင်းအခြေအနေကောင်းနဲ့ ဆုံရအောင် လုပ်မှာပါ။ ဝါဒါဘရီမင် ကစားသမားတွေထဲမှာ အနာခံကစားနိုင်စွမ်း ရှိတဲ့သူတွေကို အသုံးချပါမှ အဝေးကွင်းမှာ လွယ်လွယ်နဲ့ဂိုးရဖွယ်ရှိတယ်။ ဒီယေဂို၊ ပီဇာရို၊ ဖရင်းနဲ့ ယန်ဆင်တို့ဟာ ပါနာသီနိုင်းကော့စ်ရဲ့ ခံစစ်ကြောင်းကို အမိအရ ဒုက္ခပေးမယ့် ကစားသမားတွေဖြစ်လို့ အိမ်ရှင်ထက် ဝါဒါဘရီမင်ရဲ့ ကစားအားကိုပဲ ကြိုက်မိပါတယ်။

အင်တာမီလန်-အနော်သိုးဆစ်

အနော်သိုးဆစ်က ဝါဒါဘရီမင်ကို သရေ၊ ပါနာသီနိုင်းကော့စ်ကို အသာရအောင် ကစားထားလို့ စိတ်ဓာတ်ပိုင်းမှာ အတော်လေးတက်ကြွနေပါတယ်။ ဒါပေမယ့် မော်ရင်ဟိုရဲ့ အင်တာမီလန်ကိုတော့ ဆိုက်ပရပ်စ်ကလပ် အနော်သိုးဆစ်အနေနဲ့ ဘယ်လိုမှယှဉ်လို့ မလွယ်ဘူး။ အနော်သိုးဆစ်ရဲ့ ခံစစ်ဟာ အဝေးကွင်းမှာ သိပ်ပြီးကစားပုံမကောင်းဘူး။ ရုန်းကန်နေရတဲ့အသင်းပါ။ အင်တာမီလန်ရဲ့ တိုက်စစ်ပိုင်းမှာ အီဘရာဟင်မိုဗစ်ချ်ကအစ အက်ဒရီယာနိုကအဆုံး ရှိနေတော့ ခရက်စပိုကို မော်ရင်ဟိုက ချန်ပီယံလိဂ်ကစားမယ့်

ချယ်လ်ဆီးအသင်းမှ မာလူဒါ၏ ပြိုင်ဘက်အသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းဟန်။ (အင်တာနက်ဓာတ်ပုံ)

အင်တာစာရင်းထဲမှာ ထည့်မထားတာတောင် အခြေအနေကောင်းနေတယ်။ ဒါကြောင့်မို့ အနော်သိုးဆစ်ဟာ အင်တာကို ခံစစ်ကစားတာတောင် သရေရဖို့မလွယ်ပါဘူး။ အင်တာပဲ သွင်းဂိုးအသာနဲ့ နိုင်သွားဖွယ်ရှိပါတယ်။

အုပ်စု(ဂ)

ရှက်တာဒိုးနက်-စပို့တင်း

ခြေမကွာတဲ့နှစ်သင်းဆုံတာကြောင့် ပွဲစဉ်က အပြန်အလှန်နဲ့ ကြည့်ကောင်းနိုင်ပါတယ်။ ပြီးတော့ ကစားသမားတွေအနေနဲ့ကလည်း မခိုမကပ်တဲ့သူတွေနဲ့ ဖွဲ့စည်းထားတာကြောင့် အစွမ်းကုန် ကစားကြမှာ မလွဲဘူး။ ယူကရိန်းကလပ် ရှက်တာဒိုးနက်ရဲ့

ရိုးမားဟာ အင်္ဂလန်မြေမှာ အခြေအနေကောင်းအောင် ကစားနိုင်စွမ်း ရှိပေမယ့် ချယ်လ်ဆီးလို အသင်းအပေါ်မှာ မလွယ်လှဘူး။ ချယ်လ်ဆီးပဲ နိုင်သွားပါလိမ့်မယ်။ ခြေတော့ သိပ်မကွာနိုင်ပါဘူး။

တိုက်စစ်ဟာ စပို့တင်းထက်တော့ အနည်းငယ် သာသယောင်ရှိနေတာတော့ သတိထားရပါမယ်။ ရှက်တာဒိုးနက်ရဲ့ တိုက်စစ်ဟာ အိမ်ကွင်းမှာ ကစားအားကောင်းလေ့ရှိတယ်။ ဒါကြောင့် အပြန်အလှန်ကစားရမယ့်ပွဲမှာ တိုက်စစ်အနည်းငယ်မာပြီး တိကျမှုရှိတဲ့ ရှက်တာဟာ အသာရသွားနိုင်ပါတယ်။

ဘာဆဲလ်-ဘာစီလိုနာ

ဘာဆဲလ်အနေနဲ့ အိမ်ရှင်ဖြစ်တဲ့ အရှိန်အဝါတစ်ခုတည်းနဲ့တော့ ဘာစီလိုနာလို အသင်းမျိုးကို ယှဉ်နိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဘာစီလိုနာမှာ လုပ်ဘ်တစ်ယောက် ဒဏ်ရာကြောင့် မကစားနိုင်တာကလွဲရင် လူစုံပါတယ်။ ဒါကြောင့်လည်း အဝေးကွင်းမှာ ဘာစီလိုနာဟာ ပွဲချိန်ကြာတာနဲ့အမျှ ဘာဆဲလ်ကို ဖိအားပေးကစားသွားနိုင်တယ်။ ပြီးတော့ မက်ဆီတို့လို ကစားသမားတွေရဲ့ အဝေးကွင်း ရုန်းအားဟာ ထိရောက်မှုရှိတာကြောင့် ဘာဆဲလ်အနေနဲ့ မထိန်းချုပ်နိုင်ခဲ့ရင် သရေရဖို့တောင် ခက်သွားပြီ။ ဒါကြောင့်လည်းပဲ အခုပွဲမှာ ဘာစီလိုနာပဲ ရွေးလိုက်ပါတယ်။

အုပ်စု(ဃ)

အက်သလက်တီကို-လီဗာပူး

အက်သလက်တီကိုလို စပိန်ကလပ်အသင်းနဲ့ လီဗာပူးဆုံရပေမယ့်လည်းပဲ ပြဿနာမရှိဘူး။ လီဗာပူးနည်းပြက စပိန်သား ဘင်နီတက်ဇ်ဖြစ်နေတယ်။ ပြီးတော့ တိုက်စစ်မှူး တောရက်စ်နဲ့ အလွန်ဆိုက စပိန်သားတွေ ဖြစ်နေပြန်ပါသေးတယ်။ တောရက်စ်ဟာ အသင်းဟောင်းနဲ့ပွဲမှာ ပွဲထွက်ကစားခွင့်ရရင်တောင် အသင်းဟောင်းရဲ့ ဂိုးပေါက်ထဲကို ဂိုးဝင်အောင်သွင်းဖို့ ခက်နေနိုင်ပေမယ့် ဂျရတ်တို့လို ကစားသမားတွေရှိနေသေးလို့ အဝေးကွင်းမှာ လီဗာပူး ကစားရတာမခက်ခဲနိုင်ဘူး။ ပြဿနာမဖြစ်ရအောင် နှစ်သင်းစလုံးထိန်းကစားရင်းနဲ့ တစ်မှတ်စီခွဲယူဖို့ များပါတယ်။

ပီအက်စ်ဗွီ-မာဆေး

အမှတ်မရသေးတဲ့နှစ်သင်းဆုံတဲ့ပွဲဟာ ပရိသတ်စိတ်ဝင်စားမှု နည်းပါးနိုင်ပေမယ့် ကလပ်နှစ်သင်းကတော့ အမှတ်ပြည့်ရကြဖို့ကို အားထည့်ပြီး သေချာကစားပြဖို့များပါတယ်။ မာဆေးကတော့ အဝေးကွင်းမှာ ခံစစ်ကိုပဲပိတ်ထားပြီး မရှုံးရဖို့ကို ဂရုစိုက်ယှဉ်ပြိုင်မယ့်ပုံပါ။ ပီအက်စ်ဗွီမှာက လူကောင်းတွေနည်းနေလို့ လူငယ်လေးတွေနဲ့ပဲ ပွဲထွက်ကစားနေရပါတယ်။ ဒါကြောင့် မာဆေးကို အသာစီးနဲ့ကစားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ မာဆေးပဲ အခုပွဲအတွက် ရွေးလိုက်ပါတယ်။ ။

အုပ်စု (က) ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ချယ်လ်ဆီး	၂	၁	၁	၀	၄	၀	၄
ကလူ့ချ်	၂	၁	၁	၀	၂	၁	၄
ရိုးမား	၂	၁	၀	၁	၄	၃	၃
ဘော်ဒိုး	၂	၀	၀	၂	၁	၇	၀

အုပ်စု (ခ) ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
အင်တာမီလန်	၂	၁	၁	၀	၃	၁	၄
အနော်သိုးဆစ်	၂	၁	၁	၀	၃	၁	၄
ဝါဒါဘရီမင်	၂	၀	၂	၀	၁	၁	၂
ပါနာသီနိုင်းကော့စ်	၂	၀	၀	၂	၁	၅	၀

အုပ်စု (ဂ) ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘာစီလိုနာ	၂	၂	၀	၀	၅	၂	၆
ရှက်တာဒိုးနက်	၂	၁	၀	၁	၃	၃	၃
စပို့တင်းလစ္စဘွန်း	၂	၁	၀	၁	၃	၃	၃
ဘာဆဲလ်	၂	၀	၀	၂	၁	၄	၀

အုပ်စု (ဃ) ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
အက်သလက်တီကို	၂	၂	၀	၀	၅	၁	၆
လီဗာပူး	၂	၂	၀	၀	၅	၂	၆
မာဆေး	၂	၀	၀	၂	၂	၄	၀
ပီအက်စ်ဗွီ	၂	၀	၀	၂	၁	၆	၀

စက်တင်ဘာ၂၄ရက်က ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆိပ်ကမ်းသာ ပန်းခြံအတွင်း ပန်းပင်များအား အလှကာရံသည့် သစ်သားတိုင်များအစား သံတိုင်ဖြင့်အစားထိုး ဆောင်ရွက်မည့်လုပ်ငန်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လှိုင်မြို့နယ် ပြန်/ဆက်ဦးစီး ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

လှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀နာရီက အမှတ် (၃) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှရွှေအောင်**(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီက မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အသိပညာပေး သုတ၊ ရသစာပေများကို ဖတ်ကြားဆွေးနွေးပြီး စာကြည့်တိုက်မှူး ဒေါ်ဝင်းဝင်းရီက ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

အေးရှားပလာဇာမြေညီထပ် တယ်လီဖုန်းဟန်းဆက်အရောင်းဆိုင်မှ ဖုန်းခွံများခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အေးရှားပလာဇာရှိ ဟန်းဆက်အရောင်းဆိုင်မှ ကျပ်သိန်း ၂၀၀ခန့်တန်ဖိုးရှိ ဖုန်းခွံများ ခိုးယူသူအား ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့က ဩဂုတ်၁၁ရက်တွင် ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဇူလိုင်၃ရက် နံနက် ၉နာရီခွဲက အေးရှားပလာဇာ မြေညီထပ် အခန်းအမှတ် ၃၀၅ ဖွင့်လှစ်ထားသော တယ်လီဖုန်းဟန်းဆက်အရောင်းဆိုင်ကို ဖွင့်လှစ်ရာ ဆိုင်အတွင်းရှိ လက်ကိုင်ဖုန်းခွံ အသစ် ၈၂လုံးနှင့် ငွေသားကျပ် ၁၀၈၀၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ခန့် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် ဦးအေးမင်းထွန်းက ကျောက်တံတား ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖမ်းဆီးရမိ

အမှုပေါ်ပေါက်ရေးအတွက် ကျောက်တံတားရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အဖွဲ့များခွဲ၍ စုံစမ်းခဲ့ရာ ဘာဘူ(ခ)ခင်စိုး အမှတ်၁၈၆၊ ၃၆လမ်း၊(၃)ရပ်ကွက် ကျောက်တံတားမြို့နယ်က ခိုးယူခဲ့ပြီး ၎င်းနှင့်အတူ စာကလေး(ခ)ကျော်မြင့်သည် ခိုးယူရရှိသော တယ်လီဖုန်းအခွံများ ရောင်းချရန် ကရင်ပြည်နယ် မြဝတီမြို့ဘက်သို့ ထွက်ခွာသွားကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရာ ဩဂုတ် ၁၀ရက်တွင် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော စာကလေး(ခ)ကျော်မြင့်အား မြဝတီရဲစခန်းမှ တပ်ဖွဲ့ဝင်များက မြဝတီမြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းနောက် ဩဂုတ် ၁၁ရက်တွင် ရွှေဖားမင်းတည်းခိုခန်း၌ ထွေးအောင် အမည်ဖြင့် တည်းခိုနေသော ဘာဘူ(ခ)ခင်စိုးအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့နှင့် ကရင်ပြည်နယ် ရဲတပ်ဖွဲ့တို့က ပူးပေါင်းဖမ်းဆီးရမိခဲ့သည်။

သိမ်းဆည်း

ဖမ်းဆီးရမိသူ ဘာဘူ(ခ)ခင်စိုးအား စစ်ဆေးမေးမြန်းရာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံပြီး ဘာဘူ(ခ) ခင်စိုး၏ဇနီး မမေဇင်ကျော်ထံမှ လက်ကိုင်ဖုန်းအခွံ ၂၈လုံး၊ မမေဇင်ကျော်၏ ဦးလေးဝမ်းကွဲ ဦးလှမြင့်ထံမှ လက်ကိုင်ဖုန်းအခွံ ၄၀၊ ဘာဘူ(ခ) ခင်စိုး၏ အစ်ကို လာလူး(ခ) ထွေးအောင်ထံမှ လိုင်းပါ နိုကီယာဖုန်းတစ်လုံးတို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ကျောက်တံတားရဲစခန်းမှ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



KMD Since 1996
Level I + II (Book-keeping & Accounts)
For 2009 April Exam Series
02 - Nov - 2008 / 10:00 - 12:30 (Sat+Sun)
LCCI Accounting Course
Level III (Group Diploma)
For 2009 June Exam Series
7- Dec - 2008 / 9:00 - 3:30 (Sat+Sun)
Duration (6) Months

■ *ကျောဖုံးမှ*

ကိုယ်တိုင်တပ်ဆင်

ပေါက်ကွဲမှု ဖြစ်ပွားရာနေရာသို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ယင်းနေရာတွင် ကတ်ကြေး အသေးတစ်လက်၊ ပလာယာ နှစ်ချောင်း၊ သံဖြတ်လွှ အသေးတစ်ခု၊ ဝက်အူလှည့် အသေးသုံးချောင်းနှင့် အကြီးတစ်ချောင်း၊ အပ်ချည်ကြိုးတွဲလျက် ဖိနပ်ချုပ်အပ်တစ်ချောင်း၊ ဝါယာကြိုးတပ်လျက် လက်ပတ်ကြိုးမပါသော အဝိုင်းပုံအနက်ရောင် ဓာတ်ခဲနာရီတစ်လုံး၊ ဝါယာကြိုးတပ်လျက် ကိုးဗို့ဓာတ်ခဲများတွေ့ရှိရပြီး အခင်းဖြစ်ရပ်တွင် တွေ့ရှိရသော ပစ္စည်းများ၊ ဒဏ်ရာရရှိမှု၊ သေဆုံးမှု အနေအထားများအရ သက်ဦးဝင်းသည် အဆိုပါဗုံးကို ကိုယ်တိုင်တပ်ဆင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တူညီမှုရှိ

စိစစ် ဖော်ထုတ်ချက်များအရ သက်ဦးဝင်း(ခ)ကတုံးသည် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်းတွင် ကျပန်းလုပ်ကိုင် နေသူတစ်ဦးဖြစ်လှည့်လည်သွားလာ လုပ်ကိုင်နေသူဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ် မေလခန့်က ဘားအံ၊ မြဝတီမှ နေအိမ်သို့ ပြန်လည်ရောက်ရှိကာ မြဝတီမြို့ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ပြီး လွန်ခဲ့သော ၁၀ရက်ခန့်က နေအိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။

စက်တင်ဘာ၂၅ရက်က မဟာဗန္ဓုလပန်းခြံအတွင်း လူခုနစ်ဦး ဒဏ်ရာရရှိခဲ့သော ပေါက်ကွဲမှုဖြစ်စဉ်တွင် တွေ့ရှိရသည့် ယမ်းအမျိုးအစား၊ ဓာတ်ခဲနှင့် ဆက်စပ်ပစ္စည်းများသည် သက်ဦးဝင်း

ချိန်ကိုက်ဗုံးလုပ်ထားသည့် အချင်းလေးလက်မခန့်ရှိပြီး အမြင့်ငါးလက်မ ခန့်ရှိသော ကြေးပန်းအိုးကို တာဝန်ရှိသူများ သက်မဲ့ပြုလုပ်နေကြစဉ်။
(သတင်းစဉ်)

တစ်လုံး၊ အတွင်းတွင် စပရိန်တပ်လျက် အရှည် ၁၃သမ၅လက်မခန့်ရှိ ဘောပင်ခေါင်းပိုင်းတစ်ခု၊ပျက်စီးနေသော လစ်သီယမ်ဘက်ထရီ အပိုင်းအစများ၊ အဝါနှင့်အနီရောင် ဝါယာကြိုးတပ်လျက် အရှည် ၁၃သမ၅ လက်မခန့်ရှိ လျှပ်စစ် ဒီတိုနေတာ ခြောက်ခု၊ ပလတ်စတစ်ပန်းစိုက်လျက် အတွင်းတွင် အမိုနီယမ် နိုက်ထရိတ်ယမ်းပြင်း၊ ဘိလပ်မြေမှုန့်နှင့် နှစ်လက်မသံချောင်းများ၊ ဘောစေ့များ ရောစပ်ထားသည့် လျှပ်စစ်ဒီတိုနေတာမြှုပ်ထားသော အချင်းလေးလက်မခန့်၊ အမြင့်ငါးလက်မခန့်ရှိ ကြေးပန်းအိုးတစ်လုံး၊ ဘိလပ်မြေမှုန့်အနည်းငယ်နှင့် အတွင်းနှင့်အပြင်ဘက်တွင် စက္ကူတိပ်များ ကပ်လျက် DYNA စာသားပါ အပြာရောင် ဆပ်ပြာခွက်တစ်ခွက် တွေ့ရှိရကြောင်း၊ သက်ဦးဝင်း(ခ)ကတုံး၏ ဒဏ်ရာများအပေါ်တွင် ယမ်းဓာတ်ကြောင်း၊ ရဟန်းဝတ်၊ လူဝတ်ဖြင့် မကြာခဏ ပုံစံပြောင်းလဲ နေထိုင်သွားလာတတ်ပြီး အရက်သေစာကြိုက်နှစ်သက်သူတစ်ဦးဖြစ်ကြောင်း၊ ၂၀၀၇ခုနှစ် စက်တင်ဘာလနောက်ပိုင်းတွင် တစ်ဖက်နိုင်ငံ နယ်စပ်သို့ တရားမဝင်သွားရောက်ခဲ့ပြီး မော်လမြိုင်၊ ဘားအံ၊ မြဝတီမြို့များသို့ အိမ်၌ ယခုတွေ့ရှိရသော ပစ္စည်းများနှင့် တူညီမှုရှိသဖြင့် အဆိုပါ ဗုံးပေါက်ကွဲမှုမှာလည်း သေဆုံးသူ သက်ဦးဝင်းနှင့် ဆက်စပ်နိုင်ကြောင်းနှင့် သူများမကောင်းကြံ ကိုယ့်ဘေးဒဏ်ထိကြောင်း ပြောဆိုလျက်ရှိကြသည်။

(သတင်းစဉ်)

သူများမကောင်းကြံ ကိုယ့်ဘေးဒဏ်ထိခဲ့ရသူ သက်ဦးဝင်း(ခ)ကတုံး၏ ရုပ်အလောင်းအားတွေ့ရစဉ်။
(သတင်းစဉ်)



စက်တင်ဘာ ၂၅ရက်က မဟာဗန္ဓုလ ပန်းခြံအတွင်း ပေါက်ကွဲမှုဖြစ်စဉ်တွင် တွေ့ရှိရသည့် ယမ်းအမျိုးအစား၊ ဓာတ်ခဲနှင့် ဆက်စပ်ပစ္စည်းများနှင့် သက်ဦးဝင်း၏ အိမ်၌ တွေ့ရှိရသည့် ပစ္စည်းများ နှိုင်းယှဉ်ပြထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မဟာဗန္ဓုလပန်းခြံဖြစ်စဉ်	ယခုဖြစ်စဉ်
၁ [illegible]	၁ [illegible]
၂ [illegible]	၂ [illegible]
၃ [illegible]	၃ [illegible]

အသည်းရောင်အသားဝါ (B) ရောဂါ ဆေးပညာဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

Fortune International Limited မှ စီစဉ်ကျင်းပသည့် Hepatitis B"Total Care" ဆေးပညာဟောပြောပွဲကို အောက်တိုဘာ ၁၈ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် Fortune International Limited Managing Director ဦးမြဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆေးတက္ကသိုလ်(၁) ရန်ကုန် အငြိမ်းစားဌာနမှူး ပါမောက္ခ ဦးစောနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းအထူးကုဌာနမှ ဌာနမှူး ပါမောက္ခ ဦးသံစစ်က "Roadmap Comcept in Chronic Hepatitis B Treatmant" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်အစာအိမ်အူလမ်းကြောင်းနှင့် အသည်းအထူးကုစင်တာ အသည်းအထူးကုဌာနမှ ဌာနမှူး ပါမောက္ခ ဦးခင်မောင်ဝင်းက "Prevention of Hepatitis B" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောကြပြီး တက်ရောက်လာကြသော ဆရာဝန်များ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

Fortune International Limited သည် နိုင်ငံတကာမှ အရည်အသွေးမီဆေးနှင့် ဆေးပစ္စည်းများကို တင်သွင်းဖြန့်ချိလျက်ရှိပြီး ယခုအခါ အသည်းရောင်အသားဝါ(B)ကာကွယ်ဆေး Nivovax B ကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တစ်နိုင်ငံလုံးသို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ဆက်သွယ်လိုပါက အမှတ် ၁၁/၁၂ ဗဟိုစည်ဝင်း ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း-၂၁၁၃၉၂၊ ၂၁၁၃၉၃၊ ၂၁၁၃၉၄၊ အခန်း T4၊ T5 ဂရိတ်ဝေါပလာဇာ ၃၁လမ်းနှင့် ၇၈လမ်းထောင့် မန္တလေး ဖုန်း-၀၂- ၃၉၆၃၁၊ ၀၂-၃၉၆၃၂၊ အမှတ် ၁၃၉ သီရိရတနာအဆင့်မြင့်ဈေး နေပြည်တော် ဖုန်း-၄၂၀၉၄၉၊ ၄၂၁၁၈၃-၆ တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းကုန်း မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

ကျောင်းကုန်း အောက်တိုဘာ ၁၅

ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် စခန်းနယ်မြေပေါင်းစုံ အသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို အောက်တိုဘာ ၁၂ ရက် ညနေ ၃နာရီက ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့မအားကစားကွင်း၌ကျင်းပသည်။

ပြိုင်ပွဲတွင် ဝါးတော စခန်းနယ်မြေ ဘောလုံးအသင်းနှင့် အမှတ်(၂) ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၂)ရပ်ကွက်ဘောလုံးအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ဆုပေးပွဲကျင်းပရာ ဗိုလ်စွဲ အနိုင်ရရှိသွားသော အမှတ်(၂)ရပ်ကွက် ဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ငွေသားနှင့် ငွေဖလား ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (အောက်ပုံ)

(၁၅၄)

အောင်ချက်အမြင့်ဆုံးရရှိအောင် စွမ်းဆောင်သော မကွေးတိုင်းမှ ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်

မကွေး အောက်တိုဘာ ၁၂

မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် မကွေးတိုင်း (ဆဋ္ဌမအကြိမ်) ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို အောက်တိုဘာ ၈ရက် နံနက် ၉နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** မကွေးတိုင်းပညာရေးမှူး ဦးသန်းညွန့်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ၂၀၀၈ ခုနှစ်တွင် မကွေးတိုင်းအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ အောင်ချက်အမြင့်ဆုံးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော အထက(ကုန်းဇောင်း) ပွင့်ဖြူမြို့နယ်နှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

မုတ်စီချောင်းကူးတံတား ရေဦးမြို့နယ်၌ တည်ဆောက်

ရေဦး အောက်တိုဘာ ၈

ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းဌာနမှ ရွှေဘိုခရိုင်အင်ဂျင်နီယာမှူး ဦးခင်သက်သည် ရေဦးမြို့ မုံရွာ-ရေဦးကားလမ်းပေါ်ရှိ မုတ်စီချောင်းကူးတံတားအမှတ် (၄/ ၁၃၅) ဆောက်လုပ်နေမှု အခြေအနေကို စက်တင်ဘာ ၁၈ရက် ညနေပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တံတားအတွက် သံကူကွန်ကရစ်ရက်မများ ပြုလုပ်နေမှုကို သတ်မှတ်သည့် စံချိန်စံညွှန်းအတိုင်း ပြုလုပ်ဆောင်ရွက်ရန် တံတားတည်ဆောက်မှုတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးစိုင်းဝေလင်းအား မှာကြားကြောင်း သိရသည်။ (၀၃၄)

အမျိုးသမီး ကာယကြံ့ခိုင်မှု သင်တန်းဖွင့်

ကော့ကရိတ် အောက်တိုဘာ ၁၀

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ခုနှစ် အမျိုးသမီး ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲကို အောက်တိုဘာ ၅ရက် နံနက် ၁၀နာရီမှ ညနေ ၃ နာရီအထိ မြို့နယ်ခန်းမ၌ ကျင်းပပြီး ဆုရရှိသူများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (၀၀၇)

မြို့နယ် သတင်းများ

ဘိုင်အိုစူပရင်း ဇီဝမြေဩဇာ သီးနှံများတွင် အသုံးပြုရေး စစ်တွေ၌ဆွေးနွေး

စစ်တွေ အောက်တိုဘာ ၈

ရခိုင်ပြည်နယ် ၂၀၀၈-၂၀၀၉ ခုနှစ် စီမံကိန်းသီးနှံများတွင် ဘိုင်အိုစူပရင်းဇီဝမြေဩဇာအသုံးပြုရေး ဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၃ရက် မွန်းလွဲ ၁နာရီက စစ်တွေမြို့ရှိ ကန်တော်ကြီးစိုက်ကွင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ဘိုင်အိုစူပရင်းဇီဝမြေဩဇာကုမ္ပဏီဥက္ကဋ္ဌဒေါက်တာစိန်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်သိန်းနှင့် အကြံပေးပုဂ္ဂိုလ် ဦးစိုးမြင့်တို့က ဇီဝမြေဩဇာ သုံးစွဲရေးလုပ်ငန်းများ၊ သုံးစွဲပုံများနှင့် သီးနှံစိုက်ပျိုးမှုအပေါ် ထိရောက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ တက်ရောက်လာသောတောင်သူများက သိရှိလိုမှုများကို မေးမြန်းရာ ဘိုင်အိုစူပရင်း ဇီဝမြေဩဇာ ကုမ္ပဏီအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဘားအံ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် စာစီစာကုံးပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

ဘားအံ အောက်တိုဘာ ၅

ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု (၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ရက် နံနက်၉နာရီက ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ငွေးနောင်က အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝေက အာဟာရဖွံ့ဖြိုးရေး ချက်ပြုတ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။ (၀၀၈)

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မရေကန် ခြံစည်းရိုးကာရံ ပြုပြင်ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင် စက်တင်ဘာ ၂၀ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတိုးအောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းလှမြို့နယ် ကျောက်အိုင်ကျေးရွာ၌ အလယ်တန်းကျောင်း(ခွဲ)ဖွင့်

ကျွန်းလှ အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ကျောက်အိုင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက်က အဆိုပါကျောင်း(ခွဲ)၌ ကျင်းပရာ အထိမ်းအမှတ်မှန်ဦးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြင့်စိန်နှင့် ကျောင်းအုပ်ဆရာကြီးဦးမြင့်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြင့်စိန်တို့က အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးဝင်းစိုး၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးမောင်လှတို့က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အောင်မြေသာစံ၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

မန္တလေး အောက်တိုဘာ ၁၄

မန္တလေး အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းတို့ ပူးပေါင်း၍ မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၀ရက် မွန်းလွဲ၂နာရီက သီရိမာလာ အနောက်ရပ်ကွက် မရမ်းခြံ ဖောင်တော်ဦးဓမ္မာရုံ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်နိုင်တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမင်းဟန်က မူခင်းမဖြစ်ပွားရေးအတွက် ပညာပေးဟောပြောသည်။ (၀၉၀)

နွားထိုးကြီးမြို့နယ်၌ အလက(ခွဲ)ဖွင့်

နွားထိုးကြီး အောက်တိုဘာ ၁၅

နွားထိုးကြီးမြို့နယ် ဒေါင့်ဘိုကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ရက် နံနက် ၉နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်း သီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အဖွင့်အမှာစကား ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆိပ်ကမ်းသာပန်းခြံ သာယာလှပရေးအတွက် ကွန်ကရစ် လမ်းခင်းဆောင်ရွက်ထားမှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး စက်တင်ဘာ ၂၄ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ တန့်ဆည်၌ကျင်းပ

တန့်ဆည် အောက်တိုဘာ ၁၆

တန့်ဆည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၄ရက် မွန်းလွဲ၁နာရီက ကံထူးမကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ကြည့်ရှုလေ့လာ

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးအောင်က အဖွင့်အမှာစကားပြောကြားပြီး ဆရာဦးစိုးတင့်က အလိမ္မာ စာမှာရှိ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးညိုထွန်းက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ ထို့နောက် ကံထူးမ အထက(ခွဲ) ကျောင်းသား ကျောင်းသူများ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းကိုင်မြို့၌ မြတ်ဆရာပူဇော်

လွိုင်လင် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၅ရက် မွန်းလွဲ၁နာရီက အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူဟောင်းများနှင့် အပူဇော်ခံသက်ကြီးဆရာ၊ ဆရာမကြီးများ တက်ရောက်ကြသည်။

ပူဇော်

အဆိုပါ မြတ်ဆရာပူဇော်ပွဲတွင် သက်ကြီးဆရာ၊ ဆရာမကြီး၂၂ဦးတို့အား လှူဖွယ်ပစ္စည်းနှင့် အလှူငွေစုစုပေါင်း ငွေကျပ်တစ်ဆယ့်တစ်သိန်း ရှစ်သောင်းသုံးထောင်ဖြင့် လှူဒါန်းပူဇော်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ခန္တီးမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု စာစီစာကုံးနှင့် အချက်အပြုတ်ပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

ခန္တီး အောက်တိုဘာ ၁၃

အမျိုးသား အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျန်စစ်သားခန်းမ၌ စက်တင်ဘာ၂၇ရက် နံနက်၁၀နာရီက ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးထွန်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး အထက်တန်းသူနာပြုဆရာမကြီး ဒေါ်ရေကြည်က အာဟာရဌာန၏ လုပ်ဆောင်ချက်များနှင့် သံဓာတ်ချို့တဲ့မှုအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲနှင့် အချက်အပြုတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ခရိုင်ဥက္ကဋ္ဌဦးလှထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းသိန်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီမြင့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြရင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရေဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့်အဖွဲ့ အောက်တိုဘာ ၁၂ ရက်က ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကန်တော်ကြီး ရေပေးရေး ရေစက်ရုံပြုပြင်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့်အင်ဂျင်နီယာမှူး ဦးလှမျိုးတို့က ရှင်းလင်းတင်ပြစဉ်။ (၁၃၇)

အမြို့မြို့ အနယ်နယ် သတင်းများ

ဝေါမြို့သာယာလှပရေး

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ အောက်တိုဘာ ၁၀ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး မြို့သာယာလှပရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာခရိုင် ပြန်/ဆက် ဦးစီးဌာန စာကြည့်တိုက်မှူးများ တာဝန်ပေးအပ်

မိတ္ထီလာ အောက်တိုဘာ ၁၅

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုရှိ စာရေးများအား စာကြည့်တိုက်မှူးများ တာဝန်ပေးအပ်ပွဲနှင့် အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းပြောကြားသည်။

သင်တန်းဆင်းပွဲကို စက်တင်ဘာ ၃၀ရက် ညနေ၄နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက သင်တန်းတက်ရောက်ရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသားသင်တန်းသူ ၆၈ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စက်တင်ဘာ ၂၀ရက်က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းအတွက် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးမှုနှင့် မြို့သန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကြာအင်းဆိပ်ကြီးတွင် အသိပညာပေးဟောပြော

ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၈

ကြာအင်းဆိပ်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူကုန်ကူးမှုတိုက်ဖျက်ရေး(ငါး)နှစ်စီမံကိန်း(၂၀၀၇-၂၀၁၁) ရှင်းလင်းအသိပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ရက်က ဇမိခန်းမ၌ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီး ဦးလှငွေက လူကုန်ကူးမှုတိုက်ဖျက်ရေး (ငါး)နှစ် စီမံကိန်း (၂၀၀၇-၂၀၁၁)ကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးစောသိန်းဖေမြင့်က လူကုန်ကူးမှုဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

လက်ဆောင်ချီးမြှင့်

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဝင်းက လူကုန်ကူးမှုတိုက်ဖျက်ရေး (ငါး)နှစ် စီမံကိန်းနှင့် ဥပဒေ၊ နည်းဥပဒေများကို ဟောပြော ဆွေးနွေးသွားသော မြို့နယ်တရားသူကြီးနှင့် မြို့နယ်ဥပဒေအရာရှိတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက် လျက် ရှိ သော မြင်ကွန်း ကျေးရွာ နှင့် ရှားစောင်းကန် ကျေးရွာ ချင်းဆက် ကျောက်ချော လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက် လျက်ရှိရာ စက်တင်ဘာ ၂၇ရက်က အမှုဆောင် အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပြင်ဦးလွင်၌ ပညာသင်စရိတ်ထောက်ပံ့

ပြင်ဦးလွင် အောက်တိုဘာ ၄

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် ချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ရက်က ပြင်ဦးလွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ် လက်ထောက်ပညာရေးမှူး ဦးတင်အေးက အမှာစကားပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်အတွင်းရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် လက်ထောက်ပညာရေးမှူး ဦးတင်အေးတို့က ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(၀၈၈)**

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ပေါ်ရှိ ၃၂မိုင် သစ်သားတံတားတည်ဆောက်ခြင်း လုပ်ငန်းခွင်ကို အောက်တိုဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းလှိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ မြိတ်မြို့၌ ကျင်းပ

မြိတ် အောက်တိုဘာ ၁၀

မြိတ်မြို့နယ် ပညာရေးမိသားစုက ကြီးမှူး၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌ အောက်တိုဘာ၅ရက် နံနက်စနာရီက ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ဆရာ ဆရာမကြီးများအား ဩကာသ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ပြီး တနင်္သာရီတိုင်း ပညာရေးမှူး ဦးခင်အောင်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာ ပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် အငြိမ်းစားဆရာ ဆရာမကြီးများအား ငွေကျပ် ၁၁၉၇၀၀၀ တန်ဖိုးရှိ ဂါရဝပြု ကန်တော့လက်ဆောင် ပစ္စည်းများ ပေးအပ်ပူဇော်ပြီး တိုင်းပညာရေးမှူး(ငြိမ်း) ဆရာမကြီး ဒေါ်သန်းရှင်နှင့် လက်ထောက်တိုင်းပညာရေးမှူး(ငြိမ်း) ဦးဦးမြင့်တို့က ဩဝါဒစကား ပြောကြားကြောင်း သိရသည်။ (၀၄၃)

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ရုံးရှေ့ ဗိုလ်ချုပ်လမ်းမ မြေခင်းအလှ ဆောင်ရွက်ထားမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ဩဂုတ် ၁၁ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ် အမှုဆောင်အရာရှိ ဦးအောင်မိုးဦးက ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

ဆရာ ဆရာမများ ငွေစုငွေချေးသမဝါယမအသင်း ပခုက္ကူ၌ နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေး

ပခုက္ကူ အောက်တိုဘာ ၁၈

ပခုက္ကူမြို့နယ် ဆရာ ဆရာမများ၏ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ၂၀၀၇-၂၀၀၈ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်တိုဘာ ၁၆ ရက် နံနက် ၉နာရီက ပခုက္ကူမြို့ မြစ်ကိုင်းရပ်ရှိ အမက(၉) ကျောင်းခန်းမ၌ ကျင်းပရာ သဘာပတိ ဦးစိန်ညွန့်(မူ/အုပ်-ငြိမ်း)၊ မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်ရီရွှေနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးထိန်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ဂုဏ်ပြုဆုပေးအပ်

ထို့နောက် အသင်း၏အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို တာဝန်ရှိသူများက ဖတ်ကြား၍ စုဆောင်းငွေအများဆုံးရရှိသည့် အသင်းသားများနှင့် စုဆောင်းငွေ အပေါ် အတိုးအများဆုံးရရှိသည့် အသင်းသားများအား သဘာပတိက ဂုဏ်ပြုဆုများ ပေးအပ်သည်။ (၀၇၀)

လှိုင်းဘွဲ့မြို့ သာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်တွင် မြေယာရှုခင်းအလှ ပြုပြင်ခြင်းနှင့် ဆေးအသစ်သုတ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အောက်တိုဘာ ၅ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချင်းပြည်နယ် စည်ပင်ညွှန်မှူး ဖလမ်းစည်ပင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဖလမ်း အောက်တိုဘာ ၁၇

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် အောက်တိုဘာ ၁၅ရက် နံနက် ၁၁နာရီက ဖလမ်းမြို့သို့ ရောက်ရှိလာရာ အဖွဲ့ပိုင်ဈေးအတွင်းအပြင် သန့်ရှင်းမှု၊ ဟင်းသီးဟင်းရွက် ခင်းကျင်းရောင်းချမှုနှင့် အသားရောင်းဆိုင်တွင် ယင်လုံဆန်ခါတပ်ဆင်ရောင်းချမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုကို အမှုဆောင်အရာရှိ ဦးထလာဟရဲက ရှင်းလင်းတင်ပြရာ ပြည်နယ်ညွှန်ကြားရေးမှူးက ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

တိုင်းရင်းဆေးကုဌာန ဂန့်ဂေါမြို့၌ ဖွင့်လှစ်

ဂန့်ဂေါ အောက်တိုဘာ ၁၆

ဂန့်ဂေါမြို့နယ်တွင် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးကုဌာန ဖွင့်လှစ်ခြင်း (၁၈)နှစ်ပြည့် အခမ်းအနားကို အောက်တိုဘာ ၁၂ရက် နံနက်က အဆိုပါ တိုင်းရင်းဆေးကုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အရန်သားဖွားသင်တန်းသူ ၂၀ အနက် တိုင်းရင်းဆေးဘာသာရပ်တွင် ထူးချွန်သည့် သင်တန်းသူများအား ဒုတိယတိုင်းရင်းဆေးခန်းမှူး ဦးမြင့်ဦးက ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။ (ခရိုင် ပြန်/ဆက်)

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြ(ငွေလုံး)ခွင့်ပြုငွေဖြင့် ဆောင်ရွက်သော ဦးရွှေဒွေးလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးဌေးဝင်းတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ဓားကိုင်ပြီး အော်ဟစ်ကြိမ်းမောင်း ရမ်းကားနေသူ အင်းတော်မြို့နယ်၌ ဖမ်းဆီးအရေးယူ

အင်းတော် အောက်တိုဘာ ၁၇

စက်တင်ဘာ၃၀ရက်က ဓားကိုင်ပြီး အော်ဟစ်ကြိမ်းမောင်း ရမ်းကားနေသူနှင့် အပေါင်းပါသုံးဦးတို့အား ဝိုင်းဝန်းဖမ်းဆီး အရေးယူမှုကို စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု မိုးယူ(ရွာမ)ရွာတွင် ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ စက်တင်ဘာ ၃၀ရက် ညနေ ၃ နာရီခွဲက မိုးယူ(ရွာမ)ရွာသား ဇာနည်အောင်(ခ)တောသား အသက်(၂၀)သည် တစ်ရွာတည်းသားများဖြစ်ကြသော သန်းငွေ၊ ဇော်ဦး၊ ငပါတို့နှင့်အတူ ရွာလမ်းလမ်းမပေါ်၌ ငှက်ကြီးတောင် ဓားကိုင်ဆောင်ပြီး အော်ဟစ်ကြိမ်းမောင်း ရမ်းကားနေစဉ် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော အင်းတော်ရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ် ဇော်ထွန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ ရောက်ရှိလာ၍ ရပ်ကွက်ဥက္ကဋ္ဌ ဦးရန်အေးနှင့် အဖွဲ့ဝင်များနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးခဲ့သော အမှုဖြစ်သည်။

အရေးယူ

အမှုကို အင်းတော်မြို့နယ် ရဲစခန်းမှ (ပ)အမှတ်-၁၆၈/၀၈ ဖြင့် လက်ခံပြီး လုံလောက်သော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ဓားကိုင်ဆောင်ရမ်းကားသူ တရားခံ ဇာနည်အောင်(ခ)တောသား (ဘ)ဦးဝင်းအောင်အား ပုဒ်မ ၁၉(င)အရ အရေးယူ စစ်ဆေးလျက်ရှိပြီး အပေါင်းပါ သန်းငွေ၊ ဇော်ဦးနှင့် ငပါတို့ သုံးဦးအား အောက်တိုဘာ ၆ ရက်က ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။ (၀၃၀)

အမည်ပြောင်း

ပဲခူးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ အဖ ဦးဝင်းငွေ၏သား မောင်ပြည့်ဖြိုးဟိန်းအား မောင်ထွန်းနိုင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထွန်းနိုင်ဝင်း။

Super Cool Engineering Group မှ

လူကြီးမင်းတို့ရဲ့ အဲယားကွန်းနှင့် ရေခဲသေတ္တာများအားပြုပြင်ခြင်း၊တပ်ဆင်ခြင်း၊ ဆေးကြောခြင်း လုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။ **ဖုန်း-၇၀၆၃၅၆။**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မဆ/၁၅၃၄၉ Dayang 100 m/c မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ စိုင်းအိုက်အောင် ၁၃/မဆတ(နိုင်)၀၁၁၆၆၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မူဆယ်မြို့)။**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကမ/၉၈၈၆ Jialing 90 m/c ယာဉ်လက်ဝယ်ရှိသူ ဦးမောင်လေး ၁၃/မမတ(နိုင်)၀၁၂၀၁၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကျောက်မဲမြို့)။**



မူးယစ်ကင်းစင် အလှဆင်

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၀

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)

သရက်မြို့၊ မြို့နယ်တရားမရုံး၌

၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်-၂၀

ဦးခင်မောင်မောင် နှင့် ဦးသန်းငွေ

တရားလို တရားခံ

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့၊ အမှတ် ၇၆၄၊ စစ်ကိုင်းလမ်း၊ ၉ ရပ်ကွက်နေ ဦးသန်းငွေ (ဘ)ဦးဟာဆန်း သိစေရမည်။

သင့်အပေါ်၌ ဦးခင်မောင်မောင်က သစ်ဖိုးကျန်ငွေ ၂၇၀၀၀၀၀/-ကို ပေးဆပ်ရန် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် အောက်တိုဘာ ၃၀ရက် (၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၂ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်ကျော်
မြို့နယ်တရားသူကြီး၊
သရက်မြို့။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး မန္တလေးတိုင်းကိုယ်စားပြု ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်မှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၀

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် အောက်တိုဘာ ၁၉ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ ရွာတော်အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပသည့် မန္တလေးတိုင်းကိုယ်စားပြု မန်းသိင်္ဂါရုပ်စုံသဘင်အဖွဲ့၏ **"မဟာဗုဒ္ဓဝင် တောထွက်ခန်း"** ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ✳

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ မန္တလေးတိုင်းကိုယ်စားပြု မန်းသိင်္ဂါရုပ်စုံသဘင်အဖွဲ့၏ "မဟာဗုဒ္ဓဝင် တောထွက်ခန်း" ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

✳ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
✳ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။
✳ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

စံပြကျေးရွာ၏ အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စည်ပင်လာသော ကြက်လျှာစံပြကျေးရွာ၏ ဘက်ပေါင်းစုံတည်ဆောက်မှုမြင်ကွင်းများ

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံမှတ်တမ်း
မော်ကျွန်းမြင့်အောင်(ပြန်/ဆက်)

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး

ရန်ကုန် အောက်တိုဘာ ၂၀

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အောက်ဘက်ဒေသများသည် မုန်တိုင်းဒဏ် ခံစားခဲ့ရပြီး အသက်အိုးအိမ် ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။ ထိုအထဲတွင် ကြက်လျှာကျေးရွာအုပ်စုသည်လည်း ပါဝင်ခဲ့သည်။ ကြက်လျှာကျေးရွာအုပ်စုနှင့်အတူ ရှောက်ချောင်းကျေးရွာအုပ်စုနှင့် ကျွန်းချောင်းကျေးရွာအုပ်စုတို့သည်လည်း မုန်တိုင်းဒဏ်ခံစားခဲ့ရသည်။

စွမ်းဆောင်နိုင်

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးသင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အားနှင့်မာန်နှင့် ပြန်လည်ထူထောင်ခဲ့ကြသည်။ စွမ်းအားညီညီ အားမာန်ချီခဲ့ကြသည်။ ပြည်သူများ၏ နိုးကြားတက်ကြွသော အားမာန်အဟုန်တို့ကြောင့် အချိန်တိုကာလအတွင်း ပြန်လည်ရုန်းထနိုင်ခဲ့သည်။ အံ့မခန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်စည်ပင်လာအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

ရွှေပြည်သာမြို့နယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ဗုံးထောင်ရန် ဗုံးကိုတပ်ဆင်ပြင်ဆင်နေသူ သေဆုံး

နေပြည်တော် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက် ရေပြာလမ်းသွယ် အမှတ် ၂၉၈(က)နေ သက်ဦးဝင်း(ခ)ကတုံး (ဘ)ဦးမြအုန်း၏နေအိမ်၌ အောက်တိုဘာ ၁၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

သေဆုံး

ပေါက်ကွဲမှုကြောင့် လူတစ်ဦးသေဆုံးနေကြောင်းတွေ့ရှိရပြီး သေဆုံးနေသူမှာ သက်ဦးဝင်း(ခ)ကတုံးဆိုသူဖြစ်ကြောင်း သိရသည်။ သေဆုံးသူမှာ ဦးခေါင်းရှေ့ဘက်ခြမ်း ကြေမွပွင့်ထွက်၊ ဝဲပခုံးအောက် ကွဲပြတ်ဒဏ်ရာ၊ ဝဲလက်ကောက်ဝတ်ပြတ်၊ ယာလက်မောင်းရင်းထိ အရိုးသာကျန်၊ ဝဲယာခြေသလုံး ကြေမွပျက်စီး၊ ခြေနှစ်ဖက်တွဲလောင်းဖြစ် အရေပြားသာကျန် စသည့်ဒဏ်ရာများ ရရှိထားကြောင်း တွေ့ရသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

လျှပ်စစ်ဒီတိုနေတာ ခြောက်ခုနှင့် လစ်သီယမ်ဘက်ထရီ အပိုင်းအစများကို တွေ့ရစဉ်။ (သတင်းစဉ်)